A resident of Sagaing Township said as the public resistance grew against the junta, they established a militia group transformed from *Pyu Saw Htee* in 2023. As the junta faces depletion of its fighting force, they asked the militant group to fight from its side.

A political activist commented on the plan by the junta to conduct military training for the members of *Pyu Saw Htee* in Tharyarwaddy District

A similar training was conducted in Kyar Chaung village in Tyeikkyi Township on 7 August 2021. The training session provided trainees on how to use howitzers, a participant who joined the training later told *BBC*. He said it was the fifth similar training provided by the Myanmar military.

The junta has asked the local administrators in Waekhama Township in Ayeyarwaddy Region to collect at least 20 recruits from each village in the township. They are to serve under a new militia group the junta is going to set up.

Those who were forcibly asked to join the training had to join a week's course. The junta also provided basic military training in some villages in the Mandalay region. The news on this training was revealed in an article by *Naung Taw Lay* in the *Myanmar Post* newspaper. Naung Taw Lay is a member of Ma Ba Tha.

The junta has established militia groups in each township in the Ayeyarwaddy Region. These militia groups are to protect the junta from the attack of the People's Defence Forces (PDF). The militia group was established with 10 recruits from each ward in the town. The barracks of each of the township militia groups are established in the village administration offices.

> "The public resistance grew against the junta, they established a militia group transformed from Pyu Saw Htee in 2023. As the junta faced the depletion of its fighting force, it asked the Pyu Saw Htee group to fight from its side."

In the remote parts of the country where recruitment is difficult the junta draw conscripts from the pro-junta the Young Men Buddhist Association (YMBA). The junta has spread a new slogan saying that "Burmese nationalism started with YMBA and that all YMBA members should join the militia groups". YMBA was established in the 1920s during Myanmar's struggle for independence from British rule.

A pro-junta local administrator Win Naing (a.k.a) Galon was appointed in charge of collecting recruits in Ma U Bin Township in Ayeyarwaddy Region. The junta also instructed the local administrators in other townships in the Ayeyarwaddy Region as Mawlamyine Kyun and Labutta Townships to collect conscripts.





Pictures of militia groups in Ayeyarwaddy Region *(Photo Credit: Mizzima)* Picture of militia groups in Mawlamyine Gyun Township

A video of the top leader of *Pyu Saw Htee*, a Buddhist monk Watharwa, went viral on social media. The video shows Wathawa addressing a passing out parade of about 50 trainees in Kanbalu Township in Sagaing Region. In the video the monk said

"If I may say about our military affairs I want to say that I have received weapons and bullets,".

Wathawa is a well-known person in Sagaing Region as a member of the now-defunct MaBaTha. He has been involved in running pro-Buddhist schools in the region for the past five years.

In another voice file of Wathawa spread on social media, he was heard saying that he would wipe out the PDFs from the face of the country's map.

Wathatwa has been advocating for civilians to join the militia group. He went to several parts of the country to lobby on behalf of the junta. He said the militia groups are important to protect the country.



Picture of Wathawa addressing a public meeting *(Photo Credit: Myanmar National Post)*

In his speeches, he threatened those who refused to join the militia groups asking the civilians if they did not join the militia which means they supported terrorist groups referring to PDF groups.

He also encourages civilians to join the militia groups and hold arms to protect their own villages within the law. The junta forces provided security to Wathawa in the public meetings he attended.

The strongholds of *Pyu Saw Htee*, which is led by Watharwa, include the villages along the Mu River basin area, which is situated in the area near the boundaries of Taze and Kanbalu townships. They included Kyun Le, Mu Tein, Mu Khwa, Bayin, Hmaw Taw and Kawshat villages.

Also, there are some strongholds for *Pyu Saw Htee* in Kyun Hla Township in Sagaing Region, they include Than Bo, Bo Kone, Ta Kone, and Koko Kone villages. Watharwa boasted that there are more than 4000 Pyu Saw Htee troops based in Kanbalu, Kyun Hla, and Taze townships.



Picture of Wathawa addressing Pyu Saw Htee members in Sagaing Region *(Photo Credit: Myanmar National Post)*

There are incidents of conscription reported in Shwe Kyin Township in Bago Region. The civilians were forced to join the milia groups. The agents of the junta threatened the local communities to provide at least 30 conscripts from each village or they were forced to pay.

In recent weeks the junta has been forcibly recruiting in Kwin Seik, Done Zayat, Ah Naung Bah, Tagon Tine and Win Kha Neik villages in Shwe Kyin Township. Those families who cannot provide the recruit are forced to pay Kyat 100 000 per person.

The junta also tried to establish a militia group in the Da Nu Self-Administered Area in Ywa Ngan Township in Southern Shan State. They sought support from a local militia group Danu Army in collecting recruits.

The junta's agents forced the local communities to provide at least 13 recruits from each village in Ywa Ngan Township. Some members of the Da Nu ethnic group as well as the top leadership of the Danu National Democratic Party (DNDP) and some local businessmen are helping the junta to establish the militia group. The members of the PaO National Organization (PNO) are also providing support to the junta.

The military junta has established a group which it said was designed to help Public Security in a village in Yae Oh Sin village in Mandalay Region's Leiwai Township in August 2022.

The group was established after a group of junta officials visited the village to meet with some monks in the village. The junta officials and the monks called a public meeting and requested that one member of the family join the new militia group. The group was established with the supporters of the local administrators of the village. The monk who was instrumental in establishing the group is U Thu Za Na who was a key leader of Ma Ba Tha. He was a key aide of the top leader of the ultra-nationalist group Wirathu.

> "If I may say about our military affairs I want to say that I have received weapons and bullets," said the Pyu Saw Htee leader monk, U Wathawa

In Nay Pyi Taw the junta established the *Pyu Saw Htee* group before the 2020 General Election.

Although the candidate for the NLD won the seat for Dashina Thiri constituency in Nay Pyi Taw, however, the candidate lost in the vote count to a candidate of USDP in Yan Aung Myin village where the junta has established Pyu Saw Htee group.

In Yar Gyi Pyin village in Magwe Region's Pauk Township, militia training was conducted and the heads of 10 households in the villages in the township were asked to join the training. Those who could not join the training were forced to pay Kyat 500 000 per household. The training was conducted in the compound of a monastery in the village and the trainers were from the military officials from a state weapon factory no 24 based in Pauk.

A group called itself the National Security Social Network (NSS) was established in Shan State. The group is established with the individuals who support the 2008 Constitution. The pictures that appeared on social media suggest that Pyu Saw Htee and NSS have formed an alliance and are working together.

## 7. Monks from Ma Ba Tha who are advocating for establishing *Pyu Saw Htee* and people militia in the Saging Region

### 7.1 **Wathawa**

Wathawa is popularly known as a pistol "wearing monk" as he holds weapons in public places. In a recent incident, he entered a monastery in Taze Township in Sagaing Region wearing a pistol. He is originally from Hmaw Taw village in Kanbalu Township which is also situated in Sagaing Region.

Wathatwa is actively involved in running pro-Buddhist schools which are called Damma School Foundation, an initiative by the Buddhist nationalists. Many children and youth joined the school. Wathawa is also known as "550 monk" as his village Hmaw Taw has 500 Muslim households and 50 Buddhist homes.

He has established close ties with U Wirathu, the former leader of MA Ba Tha who is also the face of extreme Buddhist nationalism in Myanmar.

Wathatwa has been trying to establish his own pocket army. He joined many military training conducted in several villages in Sagaing Region. Wathat has been instrumental in establishing *Pyu Saw Htee* groups in several villages in Kanbalu Township, including Sabei

Nantha, Nat Inn, Nat Pay, Seik Phyu Myaung, Hmaw Taw, Myay Htoo, Leik Htoo, Kyun Hla, Zeegone etc.



Picture of Wathawa (Photo Credit : Khit Thit Media)

### 7.2 Pandita- Tatkhit Bhamo (Kyaukse)

Monk Pandita who is also known by his pseudonym Tatkhit Bhamo (Kyaukse) is a close aide of Wirathu. He leads the businesses of Ma Ba Tha on behalf of the organisation. He always carries a weapon with him. Along with Wirathu Pandita is working from the forefront for the establishment of the people's militia groups.



Picture of Pandita (Photo Credit : Khit Thit Media)

### 7.3 Wirayaza

Wirayaza is an ultra-nationalist monk based in the Tanpawaddy ward in Mandalay. He is a strong supporter of Wirathu. He not only holds weapons but also bullets in public places. He is a communication in charge of Ma Ba Tha. And he took the lead in the establishment of the pro-Buddhist school *Mahawthatha.*



Picture of Wirayaza (Photo Credit : Khit Thit Media)

## 8. The connection between the military junta and militia groups

The militia groups are established to protect the rights of a particular ethnic group, religion or political ideology. The militia groups are to serve the governments directly or indirectly. The militia groups in Myanmar are used by the military junta to fight against its opponents like the Armed Ethnic Organisations. The militia groups that are affiliated with the junta are being used as a key source of promoting national security.

The militia groups that allied with the junta are providing indirect support to the military junta. These militia groups help the junta in monitoring the movements of the ethnic armed organisations as well as collecting military data of the ethnic armed organisations for the military junta and guiding junta troops in the fight against the ethnic armed organisations.

According to research conducted by John Buchanan, a doctoral student at Washington State University, there are about 80,000 militia groups that are operating across the country and the military junta has provided arms to these groups.

A deputy Minister of Defence Lieutenant General Myint New said in a statement to the parliament on 11 September 2019 that the people militias are formed as a part of the military strategy and the military provides training and arms to the members of these groups.

### 8.1. Marchian Militia

On the morning of 7 August 2021, 7 fully armed military vehicles from the Eastern Regional Military Headquarters based in Taunggyi City arrived at the Marchian Militia Headquarters in Namsan, Southern Shan State, and requested reinforcements to suppress the PDFs in Southern Shan State. The militia group is operating under the control of the military junta. Shan State has a large number of local militia groups under the junta, and they operate illegal businesses, including drug trafficking and running gambling syndicates with the support of the military junta.



Picture of the head of Marchian militia Major Hkam Awng *(Photo Credit : BBC / Than Soe Aung's FB)*

### 8.2. Shaduzwar militia

On the morning of 18 July 2021, the Shaduzwar militia group attacked a base of an ethnic armed organisation Kachin Independence Army in Tanai Township in Kachin State. In the attack, 2 soldiers from Battalion 14 under KIA Brigade 2 were killed. The attack was carried out by a local leader of the Shaduzwar militia group, Min Zin Thant. Shaduzwar militia group is stationed in Tanai Township, Warazwar Village, and Model Village, and is a battalion under the no 297 Light Infantry Battalion based in Shaduzwar. The Shiduzuwar militia group is engaged in gold mining along Lido Road, in Tanai Township.

### 8.3. PaO Militia

The PaO militia group under the Pao National League (PNO), which is close to the military junta, forcibly recruited civilians in villages in southern Shan State and provided military training to them. The group is involved in collecting recruits for the junta in Pinlong, Hsiheng, and Hopone townships which are under the PaO autonomous region.

PNO is also involved in recruitment in the villages in Taunggyi, Mauk Mei, Loi Lin, Pinglong, Nyangshwe, Aung Pag, Kalaw, Yatsauk, and Namsan townships where the majority of PaO people live.

The PaO National League has allied with the junta, and they have been helping the junta in conscription since May. The group also forced the local civilians to pay the cost of conducting wars against the anti-junta groups.

PNO has recruited 13 new conscripts from each village. Each household in the village is asked to pay Kyat 30 000 in addition all males in the family under 45 years of age are asked to join in a draw and those whose names were selected in the draw are asked to join the military training.

PNO conducted the training of trainers classes for 5 people selected through a draw and they were asked to give training to other villagers. A PNO official U Maung Win is the main responsible person for conducting the training.

The deputy leader of PNO denied reports of his group's involvement in conscription. However, Lieutenant Colonel Khun Aung Than admitted in an interview with Myanmar Now news agency that PNO collect Kyat 30,000 from each household.

The PNO is to join hands with the military junta to establish militia groups like *Pyu Saw Htee* in Ywa Ngan Township in Shan State. Even though PNO tried to explain to the local ethnic people that *Pyu Saw Htee* is a militia group formed to protect their territory, however, majority of them still view *Pyu Saw Htee* as a terrorist organisation. A local source said 700 *Pyu Saw Htee* members are operating in 62 villages in Ywa Ngan Township.

An ethnic armed organisation fighting the junta in Kayah State, the Kayah National Democratic Force, said PNO joined with the junta in a recent fight. Also, PNO reportedly joined hands with the junta in fighting against the pro-democracy militia groups in Southern Shan State.

The PNO has denied these reports. However, PNO soldiers are seen mending security checkpoints in the villages of Pinglaung, Nyaung Shwe and Phe Khone townships.

The PNO was established by its political wing Pao National League. PNO signed a cease-fire with the military regime in 1991 and later transformed into a militia group. The leader of the Pao National League was U Aung Kham Hti, who is close to the military leaders of different generations. U Aung Hkam Hti is also close to the current junta chief Min Aung Hlaing, who paid courtesy visits to the PNO leader several times. The government of Myanmar awarded U Aung Hkam Hti a civilian award *Wunna Kyaw Htin in 2012*.

### 8.4 Khao Lan Pu indigenous militia

The junta conducted training for the members of the Khao Lan Pu indigenous militia group military in Naungmon township in Kachin State starting on 9 October. The training aimed to help the junta in fighting against the PDF and KIA. Most of the trainees are elderly people. They were told to join the training on information provided to them that PDF and KIA are to target elderly people. As they could not verify the news as the region had no internet and access to other information sources was limited, they had to accept whatever the junta and the leaders

of the militia group told them. Khao Lan Pu indigenous militia was established during the 1990s to fight KIA along with the junta. The militia group is named after the name of its headquarters.

### 8.5 Mong Pan militia

Mang Pan militia group is helping the junta in collecting recruits in Tangyan Township in Northern Shan State where it is based. The group asked for at least two recruits from each village and they forced those families who could not provide recruits. The group charged a hefty Kyat 900 000 per person as compensation for avoiding conscription.
In the past, the militia group only did conscription in the villages in Tangyan Township, however, after the military coup they started to look for recruitment in the towns. Along with the Mong Pan militia, another militia called the Mong Ha group is based in Tangyan.




A receipt of extortion money paid to Mon Pan militia group *(Photo Credit : Tai Freedom)*

## 9. Conclusion

The military has used race and religion to consolidate political power since its establishment in 1941. In the aftermath of the latest military coup in Myanmar three years ago the military junta led by Min Aung Hlaing widely used nationalist ideas as a propaganda tool against the popular anti-military sentiments among the youth who are fighting the dictatorship. Their political struggle is popularly known as the “Spring Revolution” participated by tens of thousands of civilians, mainly the youth.

The military did not stand in countering anti-regime forces alone, it tried to consolidate its power by establishing militia groups like *Pyu Saw Htee*, and Thway Thauk group to support its oppression of popular demands among the public for democracy. Those who joined the junta in establishing these unlawful groups are those who have been spreading the message of hatred against the members of the minority religions in Myanmar. The pro-junta militia groups mostly operate in the areas where the junta face stiff resistance from the pro-democracy groups.

In expanding the nationalist forces, the military junta and its affiliates used to spread hatred against Christians and Muslims as a strategy to garner support from the majority of Buddhists.

The junta's strategy started with supporting groups in MaBaTha, which was used to spread hatred against the members of the minority religions. It did not have an armed wing.

In recent months *Pyu Saw Htee* group emerged to spread the ideology of the military regime and Ma Ba Tha through violent means. These groups tried to spread their ethno-religious ideology in favour of the Buddhist religion and Bama race in the Bamar majority regions in the ethnic states.

In its fight against the groups opposing the regime, the army also used members of the USDP, who had in-depth knowledge of the areas they were operating.

And the junta used *Pyu Saw Hee* as a reserve force. In the major cities, groups like Thway Thauk are trying to terrorise the anti-junta groups. As the junta is facing attacks from armed ethnic groups across the country these affiliated groups such as *Pyu Saw Htee*, and Thway Thauk are employed to terrorise the civilians who are calling for democracy, equality, and the rule of law.

These groups are currently focusing on terrorising the supporters of the NLD, PDFs and the activists who are fighting the regime for their democratic rights. However, it is likely that at one stage groups like Ma Ba Tha, *Pyu Saw Htee* and Thway Thauk, who are staunch advocates for Burma nationalism would resort to advocating for renewed genocide against the members of minority religions in Myanmar.

> “
>
> - The military did not stand in countering anti-regime forces alone, it tried to consolidate its power by establishing militia groups like Pyu Saw Htee, and Thway Thauk group to support its oppression of popular demands among the public for democracy. Those who joined the junta in establishing these unlawful groups are those who have been spreading the message of hatred against the members of the minority religions in Myanmar.

# *Appendix - Translation*

**1. Min Aung Hlaing's Confidential Order**

Confidential

Subject: To follow the instructions

This office has received the following instructions to follow. The decisions were made in a meeting of the Security, Peace and Stability Committee meeting no 5/2022 which was held on 18 August 2022.

A. The Governments of the States and the District/Township General Administration departments in Sagaing Region, Magwe Region, Chin State and Kayah State are asked to coordinate with the military, police, militia, war veterans and local elders who would like to work for the benefit of the region to promote regional security.

B. Respective district/township Public Safety Committees are to work together with the military to prevent looting, racketeering and destructions committed by the terrorist groups.

**2.An announcement by Nagara Pala group**

Seal of Nagara Pala Organization

**Union of Myanmar**
**Nagara Pala Organisation**
**MaU Bin Township, Ayeyarwaddy Region**
**Announcement No (1/2021)**
Nagara means Township
Pala means Defenders

Subject- Announcement on the establishment of Nagara Pala Organisation in MaU Bin Township
The organisation was established with the aim of participating in an effort by the people who support Tatmadaw to maintain community peace and stability.

Objectives:

1. To defend and stand on the side of the people who are being abused and threatened by those groups who are committing acts of terror. These groups include the Committee for the Representatives of the Pyuthu Hluttaw (CRPH), the National Unity Government, the People Defense Forces as well as the traitors who are encouraging the public servants to join the Civil Disobedience Movement (CDM). These groups are threatening to conduct social punishment against civil servants and those who do not support them.
2. All the activities are overseen by the groups being formed by Nagara Pala (Ma U Bin). To monitor and find out the main culprits and make them accountable under the country's law. And to retaliate against them as needed.
3. The Nagara Pala (MaU Bin) organisation is not affiliated with any group, political party or association, it was established to prevent innocent people from the field of social, education and business sectors and to ensure that they can live in peace and tranquility.

In that regard, we are requesting everyone to collaborate with the Nagara Pala group in identifying the people who would like to undermine peace and tranquility in the town. We promise that we will restore peace and stability in the town immediately.

Signed
Patron
Nagara Pala Organisation.

## 3. Announcement on Red Operation

Seals of the Those who dares to kill group (Myeik) and Pyu Saw Htee (Myeik)

**Declaration of the Operation Red**

Date: 29 April 2022

The extremist members of the National League for Democracy (NLD) and their supporters as well as the members of the terrorist organization People Defence Force (PDF) have announced that they would kill the civil servants who are serving the nation, the members of the security forces including Tatmadaw and police and their families.

They also announced that they would kill the local administration heads, war veterans and the members of the Young Men Buddhist Association (YMBA). They announced that these people would be killed under their operation "Aung Zay Ya Prey". We the members of Myo Chit Alliance Group (Myeik) here declare that we condemn the announcement, and we will kill these groups through our counter-campaign called "Operation Red".

Signed by

| | |
|---|---|
| Bo Yan Shin | Dae Wa |
| Head of the Group | Head of the Group |
| Pyu Saw Htee (Myeik) | Those who dares to kill group (Myeik) |

## 4. A statement of patriotic alliance

Seals of the Those who dare to kill group (Myeik) and Pyu Saw Htee (Myeik)

**Patriotic Alliance (Myeik)**
**Warning**

Letter no- 1/PaPa/2022
Date 28 January 2022

1. Our group the Patriotic Alliance has been established for noble causes. They are to protect the race and religion, to ensure peace and stability in the Myeik Region and to protect innocent civilians from the danger of the terrorists. We are closely monitoring the activities of the People Defence Forces (PDF) and their terrorist activities in the Myeik Region. We came to know that these groups are now threatening a group of businessmen including U Hla Than, who are working for the economic development of the Myeik Region and other activities in the public interest, through online platforms.

2. In that regard, the Patriotic Alliance issued this warning to the terrorist groups to stop threatening and posing danger to the innocent businessmen who are working for the regional development. If these acts are not stopped we will not stand idle. We will not forgive and take retaliatory action immediately. This is the last warning issued before we take our actions.

Signed by

| | |
|---|---|
| Bo Yan Shin | Dae Wa |
| Head of the Group | Head of the Group |
| Pyu Saw Htee (Myeik) | Those who dares to kill group (Myeik) |

**5.Letter from Thway Thauk Group posted in front of Daw Ei Ei Pyone's home**

Ei Ei Pyone

You stay quietly, if you do not do so, you will be responsible for the killing of your own family.

Thway Tauk Group Ma U- Bin

**6.A statement from Thway Thauk Group**

**Declaration of the Operation Red**

We hereby declare that the Maei Ma Shaung group of Dawei will launch a counter-operation against the extremist members of the National League for Democracy (NLD) and their supporters as well as the members of the terrorist organization People Defence Force (PDF) and their family members for their killing of the civil servants who are serving the nation, the members of the security forces including Tatmadaw and police and their families. We will launch our counter operation under the code name "Operation Red"
By Thaway Thauk Group (Maung Mei Shaung)

**7.A statement from Mandalay Thway Thauk**

**The Declaration of Operation Red**

We hereby declare that our Thway Tauk group Mandalay will launch a counter-operation against the extremist members of the National League for Democracy (NLD) and their supporters as well as the members of the terrorist organization People Defence Force (PDF) and their family members in response to a declaration Black Death Squard that they would kill the civil servants who are serving the nation, the members of the security forces including Tatmadaw and police and their families. Their operation is called the "Operation Aung Zeyar Prey". We will launch our counter operation under the code name "Operation Red."
Thway Tauk Group (MDY)
21-4-2022

**8.A social media post by Michel Kyaw Myint**

Facebook page of New Generation of Politicians
The leader of Thway Tauk said
Michel Moe Myint is not a stupid person.

# ပျူစောထီး နှင့် စစ်ကောင်စီ လက်ကိုင်တုတ်များ

## မာတိကာ


၁။ အစီရင်ခံစာအကျဉ်း ....................................................39

၂။ နိဒါန်း....................................................39

၃။ ပျူစောထီးအဖွဲ့၏နောက်ခံသမိုင်းကြောင်း....................................................40

၃.၁။ ခြိမ်းခြောက်မှုများ ....................................................46

၃.၂။ အပြစ်မဲ့ ပြည်သူအပေါ် ပျူစောထီး၏ ဖိနှိပ်မှုများ ....................................................48

၄။ ပျူစောထီးများအား ထောက်ပံ့နေမှု ....................................................50

၅။ ပျူစောထီးအဖွဲ့နှင့်အလားတူ အဖွဲ့အစည်းများ ....................................................52

၅.၁။ နဂရပါလအဖွဲ့ ....................................................52

၅.၂။ မျိုးချစ်မဟာမိတ်အဖွဲ့....................................................53

၅.၃။ စွန်ရဲအဖွဲ့....................................................54

၅.၄။ သွေးသောက်အဖွဲ့ ....................................................55

၆။ စည်းရုံးရေးနှင့်သင်တန်းများ ....................................................61

၇။ စစ်ကိုင်းတိုင်းတွင် ပျူစောထီး၊ ပြည်သူ့စစ်အဖွဲ့များဖွဲ့စည်းနိုင်ရေး စည်းရုံးနေသည့် မဘသဘုန်းကြီးများ ............65

၇.၁။ ဝါသဝ ....................................................65

၇.၂။ ပဏ္ဍိတ-တက်ခေတ်ဗန်းမော် (ကျောက်ဆည်) ....................................................66

၇.၃။ ဝီရရာဇာ ....................................................66

၈။ စစ်ကောင်စီနှင့် ပြည်သူ့စစ်အဖွဲ့များ၏ ဆက်နွယ်မှု....................................................67

၈.၁။ မတ်ကျန်းပြည်သူ့စစ် ....................................................67

၈.၂။ ရှုဒူဇွပ်ပြည်သူ့စစ် ....................................................68

၈.၃။ ပအိုဝ်းပြည်သူ့စစ်....................................................68

၈.၄။ ခေါင်လန်ဖူးဌာနေ ပြည်သူ့စစ်....................................................69

၈.၅။ မန်ပန် ပြည်သူ့စစ် ....................................................70

၉။ နိဂုံး ....................................................70

# ပျူစောထီးနှင့် စစ်တပ်လက်ကိုင်တုတ် အကြမ်းဖက်အဖွဲ့အစည်းများ

## ၁။ အစီရင်ခံစာအကျဉ်း

ယခုအစီရင်ခံစာတွင်စစ်တပ်သည် ၂၀၂၁ခုနှစ်ဖေဖော်ဝါရီလတွင် အာဏာသိမ်းပြီး နောက်ပိုင်း စစ်တပ်ဩဇာခံပျူစောထီးအဖွဲ့နှင့် ပြည်သူ့စစ်အဖွဲ့များအကြောင်းကို ဖော်ပြခြင်းအားဖြင့် ရည်ရွယ်ချက်ရှိရှိ ကြံရွယ်ထားသည့် အကြမ်းဖက်မှုများ ကျူးလွန်ခဲ့ပုံကို ဆွေးနွေးတင်ပြထားပါသည်။ ယခုအစီရင်ခံစာတွင် စစ်တပ်မှ ပျူစောထီးအဖွဲ့များကို ဦးဆောင်ဖွဲ့စည်းခဲ့ပြီး ပျူစောထီးအဖွဲ့များတွင် ပါဝင်သည့် အဖွဲ့အစည်းများ၊ အားပေးထောက်ခံသူများနှင့် ၎င်းတို့၏လုပ်ငန်းစဉ်များ၊ ကျူးလွန်မှုများ၊ ခြိမ်းခြောက်မှုများ၊ အပြစ်မဲ့ပြည်သူ အပေါ် ပြုလုပ်ခဲ့သည်များကို ရှင်းလင်းဖော်ပြထားပါသည်။ ပျူစောထီးအဖွဲ့များသည် စစ်တပ်မှ တော်လှန်ရေး အင်အားစုများ၊ ပြည်သူများအား စစ်ရာဇဝတ်မှု ကျူးလွန်ရာတွင် စစ်တပ်အား အဓိကအထောက်အပံ့ ပေးနေသည့်စစ်တပ်၏ အရံအင်အား အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ထို့ပြင် စစ်တပ်နှင့် မဘသပေါင်းပြီး ပြည်သူ့စစ်များနှင့် ပျူစောထီးများကို ဖွဲ့စည်းခြင်း အထောက်အပံ့ပေးခြင်းတို့ကိုလည်း ဖော်ပြထားပါသည်။ ပျူစောထီးအဖွဲ့အပြင် အာဏာသိမ်းပြီး တစ်နှစ်ကျော်ကာလတွင် အလားတူ အဖွဲ့များပေါ်ပေါက်လာပြီး လူသတ်မှုကျူးလွန်ပုံများကို လေ့လာတင်ပြထားပါသည်။

## ၂။ နိဒါန်း

ဤအစီရင်ခံစာကို အာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံအတွင်း စစ်တပ်၏အဓိက ထောက်တိုင် ဖြစ်သည့် ပျူစောထီးအဖွဲ့နှင့် ပြည်သူစစ်အဖွဲ့များအကြောင်းကို လေ့လာထားခြင်းဖြစ်သည်။ အစီရင်ခံစာတွင် တွေ့ရှိချက်များသည် အဓိကသတင်းမီဒီယာ(၁၅)ခုကို ၂၀၂၁ခုနှစ် မတ်လမှစတင်ပြီး ၂၀၂၄ခုနှစ် စက်တင်ဘာ လအထိ နေ့စဉ် လေ့လာစောင့်ကြည့်ခဲ့ပါသည်။ ၎င်းအပြင် ပျူစောထီးများ အဓိကလှုပ်ရှားနေသော စစ်ကိုင်း၊ မန္တလေး၊ ပဲခူး၊ ရန်ကုန်၊ တနင်္သာရီတို့ရှိ ဒေသခံများနှင့် အင်တာဗျူးများပြုလုပ်၍ လေ့လာမှုများလည်း ပြုလုပ်ခဲ့သည်။

ရရှိလာသည့် သတင်းအချက်အလက်များကို သုတေသနနည်းနာများဖြင့် ပြန်လည်စိစစ်ပြီး မှတ်တမ်း တင်ခဲ့ပါသည်။ ယခုအစီရင်ခံစာတွင် စစ်တပ်မှ ပျူစောထီးအဖွဲ့များနှင့် ပြည်သူ့စစ်များကို ဖွဲ့စည်းပုံ၊ ထိုအဖွဲ့များ နှင့် စစ်တပ်ပက်သက်မှုများ၊ ပျူစောထီးအဖွဲ့များနှင့် အလားတူအဖွဲ့များအကြောင်းနှင့် ခြိမ်းခြောက်မှုများ၊ ပြစ်မှုကျူးလွန်မှုများနှင့် စည်းရုံးလုပ်ငန်းစဉ်များ ပါဝင်ပက်သက်သူများအကြောင်းတို့ကို တင်ပြထားပါသည်။ အစီရင်ခံစာတွင် ပျူစောထီး အဖွဲ့ကျူးလွန်မှုများတွင် သက်သေခိုင်မာသည့် ဖြစ်စဉ်များကိုသာ စုစည်းဖော်ပြ ထားပါသည်။

> ပျူစောထီးအဖွဲ့များသည် စစ်တပ်မှတော်လှန်ရေးအင်အားစုများ၊ ပြည်သူများအား စစ်ရာဇဝတ်မှု ကျူးလွန်ရာတွင် စစ်တပ်အား အဓိကအထောက်အပံ့ပေးနေသည့်စစ်တပ်၏ အရံအင်အား အဖွဲ့အစည်း တစ်ခုဖြစ်သည်။ ထို့ပြင် စစ်တပ်နှင့် မဘသပေါင်းပြီး ပြည်သူ့စစ်များနှင့် ပျူစောထီးများကို ဖွဲ့စည်းခြင်း အထောက်အပံ့ပေးခြင်းတို့ကိုလည်း ဖော်ပြထားပါသည်။ ပျူစောထီးအဖွဲ့အပြင် အာဏာသိမ်းပြီး တစ်နှစ်ကျော်ကာလတွင် အလားတူအဖွဲ့များပေါ်ပေါက်လာပြီး လူသတ်မှုကျူးလွန်ပုံများကို လေ့လာတင်ပြထားပါသည်။

## ၃။ ပျူစောထီးအဖွဲ့၏နောက်ခံသမိုင်းကြောင်း

စစ်တပ်သည်ပါတီနိုင်ငံရေးတွင် ၎င်းတို့၏ပါတီဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအပြင် အမျိုးသားနိုင်ငံရေးကိုပါ ပူးတွဲအသုံးချခဲ့သည်။ စစ်တပ်သည် အမျိုးဘာသာ၊ သာသနာ စောင့်ရှောက်ရေးအဖွဲ့(မ.ဘ.သ)အား ကျောထောက်နောက်ခံပြုပေးကာ ဘာသာရေးပဋိပက္ခများကို ဖန်တီးပြီးအမျိုးသားနိုင်ငံရေးကို တွင်တွင်ကျယ်ကျယ်အသုံးပြုလာခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဦးဆောင်သည့် အစိုးရလက်ထက်တွင်လည်း အမျိုးသားရေးအစွန်းရောက်များနှင့်ပက်သက်ပြီး ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့ခြင်း မရှိခဲ့ပေ။

စစ်တပ်သည် ၂၀၁၅မှ ၂၀၂၀ခုနှစ်အကြားတွင် ပြည်ခိုင်ဖြိုးပါတီဝင်များနှင့် အမျိုးသားရေး အစွန်းရောက် အဖွဲ့ဝင်များကို တပ်မတော်ထောက်ခံသူများအဖြစ် အမည်တပ်ကာ နိုင်ငံရေးအခင်းအကျင်းတွင် ပုံဖော်ထုတ်ပြခဲ့သည်။ ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ(၁)ရက်နေ့တွင် စစ်တပ်မှအာဏာသိမ်းယူပြီးနောက်ပိုင်းတွင် စစ်တပ်သည် တပ်မတော်ထောက်ခံသူများအား ပျူစောထီးအဖွဲ့အဖြစ် ပြောင်းလဲ ပွဲထုတ်လာခဲ့သည်။

ပျူစောထီးဆိုသည်မှာ လေးမြှားကျွမ်းကျင်သည်ဟုဆိုသော ပုဂံခေတ်ဘုရင်တစ်ပါး၏ အမည်ဖြစ်သည်။ ၁၉၅၅ခုနှစ် စက်တင်ဘာ ၁၄နေ့တွင် မြန်မာတပ်မတော်၏တပ်မှူးများ ညီလာခံတွင် ပျူစောထီးအဖွဲ့ကို ဖွဲ့စည်းရန် စတင်အဆိုပြုခဲ့သည်။ ၁၉၅၅ခုနှစ် အောက်တိုဘာလတွင် ဝန်ကြီးချုပ်ဦးနုဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် အမျိုးသားကာကွယ်ရေးကောင်စီ၏ ဆုံးဖြတ်ချက်နှင့် ပျူစောထီးအဖွဲ့ကို အတည်ပြုဖွဲ့စည်းခဲ့သည်။ ဦးနုသည် ဥက္ကဋ္ဌအဖြစ်တာဝန်ယူအတည်ပြုပေးပေမယ့် ပျူစောထီးအဖွဲ့သည် တည်မြဲပါတီ၏ဩဇာညောင်းသည့် အဖွဲ့အစည်းဖြစ်ခဲ့သည်။ နောက်ပိုင်းတွင် ထိုအဖွဲ့သည် အစိုးရဆန့်ကျင်ရေးသမားများကို နှိပ်ကွပ်သည့်အဖွဲ့ဖြစ်လာခဲ့သည်။ ပျူစောထီးအဖွဲ့သည် နာမည်ဆိုးနှင့်ကျော်ကြားခဲ့သည်။ ရွေးကောက်ပွဲများတွင် ၎င်းတို့နိုင်လိုရာအဖွဲ့ အစည်းဘက်က ရပ်တည်ပြီးဆန့်ကျင်ဘက်အဖွဲ့အစည်းကို ခြိမ်းခြောက်သတ်ဖြတ်လေ့ရှိသည်။ သာယာဝတီ ခရိုင်မင်းလှရွေးကောက်ပွဲ လေးလောင်းပြိုင်သတ်ဖြတ်မှု၊ မြိတ်ခရိုင်ဆီတောင်အိုရွာ လူသတ်မှု၊ ငါးဇွန်ခြောက် လောင်းပြိုင် လူသတ်မှုများကို ကျူးလွန်ခဲ့သည်။

ဗိုလ်နေဝင်းဦးဆောင်သည့် အိမ်စောင့်အစိုးရလက်ထက်တွင် ၎င်းအဖွဲ့ကိုဖျက်သိမ်းခဲ့သည်။ နှစ် ၆၀ ကျော်အကြာတွင် မင်းအောင်လှိုင်ဦးဆောင်သည့် အာဏာသိမ်းစစ်ကောင်စီခေတ်တွင် ပျူစောထီးကို အသက်

သွင်းပြီး ပြည်သူလူထု၏ လက်နက်မဲ့ အနုနည်းတော်လှန်ရေးနှင့် လက်နက်ကိုင်တွန်းလှန်မှုများကို တန်ပြန်နှိမ်နင်းရန် ၎င်းတို့အား အသုံးချခဲ့သည်။

၂၀၂၀ ရွေးကောက်ပွဲတွင် စစ်တပ်မှ ပေါက်ဖွားလာသော ပြည်ထောင်စု ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ မဲရှုံးခဲ့သည်။ တက်ကြွသော ပါတီဝင်လူငယ်များနှင့် အမျိုးသားရေးအစွန်းရောက် အင်အားစုများသည် နေအိမ်များမှ ပျောက်ကွယ်သွားကြောင်း ပဲခူးတိုင်း သာယာဝတီခရိုင်တွင် ဒီမိုကရေစီအရေး တက်ကြွလှုပ်ရှားသူတဦးက

*သူတို့က လူမှုကွန်ယက်မှာ ပျူစောထီး ပရိုဖိုင်းတွေ ချိန်းသွားတယ်။ သူတို့ပြောဆိုပုံတွေက သူတို့ပြန်လာမယ်ပေါ့။ ဒီသာယာဝတီက လူတွေပဲလားဆိုပြီး လေ့လာကြည့်တော့ တခြား အနယ်နယ်အရပ်ရပ်က လူတွေကလည်း အဲ့ဒီလို ပရိုဖိုင်း ပြောင်းသွားတာတွေ့ရတယ်။ ဘာတွေလုပ်ကြတာလဲဆိုပြီး သံသယဝင်ခဲ့တယ်။ ဒါတွေက အာဏာမသိမ်းခင်က ဖြစ်ခဲ့တာ။*

ဟု ပြောကြားခဲ့သည်။ အာဏာမသိမ်းခင်ကတည်းက စစ်သင်တန်းများ လျှို့ဝှက်ပို့ချခဲ့ကြောင်း သိရသည်။

ယခုအာဏာသိမ်းပြီးနောက်ပိုင်းတွင် စစ်ဗိုလ်ချုပ်များကို ထောက်ခံသူတို့သည် ပျူစောထီး အမည်ကို ပြန်လည်အသုံးပြုလာခြင်းဖြစ်သည်။ ပျူစောထီးအဖွဲ့သည် ပြည်ခိုင်ဖြိုးပါတီဝင်များ၊ အစိုးရဝန်ထမ်းများ၊ စစ်တပ် အားထောက်ခံသည့် ပါတီဝင်များ၊ စစ်မှုထမ်းဟောင်းများ၊ အမျိုးသားရေးအစွန်းရောက် အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားကြသည်။

ပျူစောထီးအဖွဲ့ကို စစ်တပ်မှတိုက်ရိုက်ကိုင်တွယ်ပြီး ဖွဲ့စည်းပုံအဆင့်ဆင့်ဖြင့်အုပ်ချုပ်သည်။ မြို့နယ်များ၏ ပျူစောထီးအဖွဲ့များကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်ဖွဲ့စည်းပေးရသည်။ ပျူစောထီးအဖွဲ့ကို မတ်လ၅ရက်နေ့ ၂၀၂၁ခုနှစ်တွင် မန္တလေးမြို့တွင် လျှို့ဝှက်ဖွဲ့စည်းသည်ဟု ပျူစောထီးအဖွဲ့(ဗဟို)က ထုတ်ပြန်ခဲ့သည်။ စတင်ထူထောင်ချိန်တွင် မန္တလေးတိုင်းဒေသကြီး ပျူစောထီးအဖွဲ့ (အထက်မြန်မာပြည်)နှင့် ရန်ကုန်တိုင်းဒေသကြီး ပျူစောထီးအဖွဲ့ (အောက်မြန်မာပြည်)ဟူ၍သာ ဖွဲ့စည်းခဲ့သည်။ ကျန်ပြည်နယ်နှင့် တိုင်းဒေသများ၏ မြို့နယ်ပျူစောထီးအဖွဲ့များကို အထက်မြန်မာပြည်အဖွဲ့နှင့် အောက်မြန်မာပြည်အဖွဲ့မှကွပ်ကဲ ဖွဲ့စည်းသည်။

ပျူစောထီးအဖွဲ့၏ကြေငြာချက်နှင့် ညွှန်ကြားချက်များတွင် အသုံးပြုသည့် အဖွဲ့အမှတ်တံဆိပ်မှာ ဗုဒ္ဓဘာသာသာသနာ့အလံပေါ်တွင် ပျူစောထီးရုပ်ကို တံဆိပ်ဝိုင်းနှင့် ထည့်ထားသည့် ပုံဖြစ်သည်။ အမျိုးဘာသာသာသနာဆိုသည့် စာလည်း ပါဝင်သည်။




ပျူစောထီးတံဆိပ်

အာဏာသိမ်းပြီးနောက်ပိုင်းတွင် ပျူစောထီးအဖွဲ့ကို တနိုင်ငံလုံးအတိုင်းအတာဖြင့် ကျစ်လစ်စွာဖွဲ့စည်းထားသော်လည်း ၎င်းတို့ကို ရပ်ကွက်အုပ်ချုပ်ရေးလောက်တွင်သာ အသုံးချခဲ့ပြီး အဆိုပါအချိန်တွင် ၎င်းတို့အခန်းကဏ္ဍ မှေးမှိန်နေသေးကြောင်း ရန်ကုန်တိုင်းအတွင်း အမျိုးသားရေးလှုပ်ရှားမှုများကို စောင့်ကြည့်လေ့လာနေသူတဦးက ပြောဆိုခဲ့သည်။

ပျူစောထီးအဖွဲ့များသည် စစ်တပ်၏အရံတပ်များအဖြစ်တည်ရှိနေပြီး ၎င်းတို့၏လုပ်ငန်းများမှာ စစ်တပ်ဆန့်ကျင်မှုတွင် ပါဝင်နေသူများ၏ ကိုယ်ရေးအချက်အလက်များ၊ လိပ်စာများကို စုဆောင်းပြီး နယ်မြေခံစစ်သားများသို့ သတင်းပို့ပေးရသည်။ ပျူစောထီးအဖွဲ့တွင် လုပ်ငန်းစဉ်(၃)ခုချမှတ်ထားသည်။ ပြန်ကြားရေး၊ စစ်ရေးနှင့် တိုက်ခိုက်ရေးဟူ၍ဖြစ်သည်။ စစ်အာဏာရှင်ဆန့်ကျင်သူများ၏ သတင်းအား ထောက်လှမ်းစုံစမ်းရန်၊ ဒလန်စွပ်စွဲခံရသူ Social Punishment အလုပ်ခံရသူများကို အကာအကွယ်ပေးရန်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင်ဆန္ဒပြပွဲများကို ဦးဆောင်သူများ၏စာရင်းများကို စုဆောင်းပေးရသည့် လုပ်ငန်းများလည်း ပါဝင်သည်။

ပျူစောထီးအဖွဲ့သည် ဗဟိုချုပ်ကိုင်မှုစနစ်ကို တင်းကြပ်စွာချမှတ်ထားသည်။ တိုင်းနှင့်ပြည်နယ် တစ်ခုစီ၏ ပျူစောထီးအဖွဲ့ဝင်များ၏ ကိုယ်ရေးအချက်အလက်နှင့် မြို့နယ်ဖွဲ့စည်းပုံများကို တိုင်းနှင့်ပြည်နယ် ဥက္ကဌများကသာ ထိန်းသိမ်းရသည်။ မြို့နယ်အချင်းချင်းချိတ်ဆက်ရာတွင် မြို့နယ်ခေါင်းဆောင်နှင့် စည်းရုံးရေးမှူးစုစုပေါင်း(၂)ဦးသာ အချင်းချင်းချိတ်ဆက်ဆောင်ရွက်ကြရသည်။ ပျူစောထီးဗဟိုမှအဖွဲ့ဝင်များကို ဆန့်ကျင်ဘက်အဖွဲ့အစည်းများအတွင်း အသွင်ယူဆောင်ရွက်ရန် ညွှန်ကြားထားပြီး ထိုသို့ ဆောင်ရွက်စဉ် အဖမ်းခံရပါက ပျူစောထီးအဖွဲ့ဗဟိုသို့ (၆)နာရီအတွင်း အကြောင်းကြားရန်လည်း ညွှန်ကြားထားသည်။

၂၀၂၂ခုနှစ်၊ ဖေဖော်ဝါရီလတွင် နေပြည်တော်၌ကျင်းပသည့် စစ်ကောင်စီမှပြုလုပ်သည့် ပြည်နယ်တိုင်းဝန်ကြီးချုပ်များ အစည်းအဝေးတွင် စစ်ကောင်စီခန့် စစ်ကိုင်းတိုင်းဝန်ကြီးချုပ်ဦးမြတ်ကျော်က ပြည်သူ့စစ်အဖွဲ့များ အကြောင်းတင်ပြခဲ့ခြင်းပေါက်ကြားမှုကို [Myanmar Now](Myanmar Now) မှ ဖော်ထုတ်ခဲ့သည်။ "တပ်မတော်နှင့် ရဲတပ်ဖွဲ့ကို အထောက်အကူပြုနိုင်ရန်အတွက် ကျေးရွာများ၌ ပြည်သူ့စစ်တပ်ဖွဲ့ ၇၇ဖွဲ့၊ လက်နက် ၂၀၈၀ တပ်ဆင်ထားပြီးဖြစ်ကြောင်းနှင့် မြို့နယ်ပေါင်း ၃၇မြို့နယ်ရှိသော စစ်ကိုင်းတိုင်းတွင် ပြည်သူလူထုက ပျူစောထီးဟုခေါ်ဝေါ်သည့် ပြည်သူ့စစ်အဖွဲ့ပေါင်း ၈၀ နီးပါးအထိ ဖွဲ့စည်းထားသော်လည်း စစ်ကောင်စီက အပြည့်အဝထိန်းချုပ်နိုင်ခြင်းမရှိသေးကြောင်း စစ်ကိုင်းတိုင်းဝန်ကြီးချုပ်က တင်ပြခဲ့သည်။

စစ်ကောင်စီအားတော်လှန်နေသည့် လက်နက်ကိုင်အဖွဲ့များကို ရင်ဆိုင်ရာတွင် မီးသတ်နှင့် ကြက်ခြေနီတို့၏ အင်အားကို အသုံးချရန်ပြင်ဆင်နေကြောင်း လျှို့ဝှက်ညွှန်ကြားချက် တစ်စောင်ပေါက်ကြားခဲ့သည်။ ရဲ၊ စစ်မှုထမ်းဟောင်း၊ ပြည်သူ့စစ်၊ မီးသတ်၊ ကြက်ခြေနီ၊ YMBAအဖွဲ့တို့ပါဝင်သည့် ပြည်သူ့လုံခြုံရေးအဖွဲ့များဖွဲ့စည်းရန် အာဏာသိမ်းစစ်ခေါင်းဆောင်မှ ညွှန်ကြားခဲ့သည်။ မြို့နယ်အသီးသီးတွင် စစ်ကောင်စီက ပြည်သူများကိုရှာဖွေ စစ်ဆေးမှုများပြုလုပ်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များကို အသုံးချလျက်ရှိသည်။ စစ်သားများသည် ၎င်းတို့၏ ရရှိသည့် လစာထဲမှ YMBA အသင်းအတွက် တလလျှင် ၁၅၀၀ ကျပ်ပေးဆောင်ရသည်။

လျှို့ဝှက်

အကြောင်းအရာ။ လမ်းညွှန်မှာကြားချက်များအား သိရှိလိုက်နာဆောင်ရွက်သွားရန်ကိစ္စ

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၁၈)ရက်၌ ကျင်းပပြုလုပ်ခဲ့သော လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၅/၂၀၂၂)တွင် အောက်ပါလမ်းညွှန်မှာကြားခဲ့မှုများအား သိရှိလိုက်နာဆောင်ရွက်နိုင်ပါရန် အကြောင်းကြားလာပါသည်-

(က) ဒေသလုံခြုံရေးကို အထောက်အကူပြုစေရန်အတွက် သီးခြားဆောင်ရွက်ခြင်းမပြုဘဲ ဒေသန္တရလုံခြုံရေးအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ကယားပြည်နယ်ကဲ့သို့သော ဒေသများတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်၊စစ်မှုထမ်းဟောင်းအဖွဲ့နှင့် ရပ်ရွာအကျိုးလိုလားသည့်ပုဂ္ဂိုလ်များဖြင့် စနစ်တကျ ပေါင်းစပ်ဆောင်ရွက်နိုင်ရေး တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် မြို့နယ်/ခရိုင်အုပ်ချုပ်ရေး အဖွဲ့အစည်းများက စီမံဆောင်ရွက်သွားရန်၊

(ခ) အကြမ်းဖက်အဖွဲ့အစည်းများ၏ လုယက်ခြင်း၊ ဆက်ကြေးတောင်းခြင်း၊ ဖျက်ဆီးခြင်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာခရိုင်/မြို့နယ်အလိုက် ပြည်သူ့လုံခြုံရေး အဖွဲ့များဖြင့်ပီပီပြင်ပြင် တားဆီးကာကွယ်ဆောင်ရွက်နိုင်ရေး တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်သွားရန်၊

(ဂ) နောင်တွင် ပြည်တွင်း၌ အလုပ်သမားရှားပါးမှုပြဿနာ မဖြစ်ပေါ်စေရေးအတွက် ပြည်ပထွက်ခွာမှုများနှင့် ပတ်သက်၍ ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ပြီး ပြည်တွင်း၌စီးပွားရေးလုပ်ငန်းတိုးတက်ကာ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများအနေဖြင့် သာမန်ကိစ္စ ကဲ့သို့ မစဉ်းစားဘဲ ဘက်ပေါင်းစုံရှုမြင်သုံးသပ်ဆောင်ရွက်ကြရန်၊

(ဃ) ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်သူများအနေဖြင့် မိသားစုများထံ ဝင်ငွေပြန်လည် ပို့ဆောင်ရာ တွင် လစာ၏ရာခိုင်နှုန်းမည်မျှပေးပို့ရမည်ဟူသည့် စည်းကမ်းသတ်မှတ်ချက်ကို စာချုပ်ချုပ်ဆိုရာ တွင် တစ်ပါတည်းထည့်သွင်း ဆောင်ရွက်သွားရန်၊

မင်းအောင်လှိုင်ညွှန်ကြားချက် (Photo credit : Khit Thit Media)

မီးသတ်နှင့်ကြက်ခြေနီအဖွဲ့တို့သည် နိုင်ငံတကာတွင် ကယ်ဆယ်ရေး၊ လူမှုကူညီရေးလုပ်ငန်းများသာ လုပ်လုပ်ကိုင်ကြသည့်အဖွဲ့များဖြစ်သော်လည်း စစ်တပ်သည် ထိုအဖွဲ့များကို ယခင်ကပင် အသုံးချခဲ့ဖူးသည်။ သမ္မတဦးသိန်းစိန်အစိုးရ သက်တမ်းကုန်ဆုံးခါနီးတွင် မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့က မတ် ၂၇ တပ်မတော်နေ့ စစ်ရေးပြပွဲများတွင် ချီတက်မှု၊ စစ်ဆေးရေးဂိတ်များတွင် စစ်သား၊ ရဲတို့နှင့်ပူးပေါင်းပြီး အင်အားပြသည့် လုပ်ငန်းများကို ပြုလုပ်ခဲ့သည်။ ကရင်ပြည်နယ်ရှိ စစ်တပ်လက်အောက်ခံ နယ်ခြားစောင့်တပ်များတွင် စစ်တပ် အငြိမ်းစားများကို တပ်မှူးနှင့် ဒုတိယတပ်မှူးများအဖြစ် ခန့်အပ်မှုများ ပြုလုပ်ခဲ့သည်။

အမှတ် ၁၂၀/၂၀၂၂။ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၃၃) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုခဲ့ပြီး (၁၃၁) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ အစည်းအဝေးမှလည်း အတည်ပြုပြီးဖြစ်သော အောက်ဖော်ပြပါ အရာရှိများနှင့် အငြိမ်းစားအရာရှိများအား အမည်နှင့် ယှဉ်တွဲပါ နယ်ခြားစောင့်တပ်များတွင် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့မှအစပြု၍ တပ်မှူး/ဒုတိယတပ်မှူးများအဖြစ် ခန့်အပ်လိုက်သည်-

တပ်မတော် (ကြည်း)

| | | | | |
|---|---|---|---|---|
| (၁) | ဗိုလ်မှူး | စောအောင်လင်း | နခတ/၁၀၁၁၂ | ခစတ (၁၀၁၂) |
| (၂) | ဗိုလ်မှူး | စောလှကြိုင် (အငြိမ်းစား) | နခတ/၁၀၀၁၃ | ခစတ (၁၀၁၃) |
| (၃) | ဗိုလ်မှူး | မောင်ချစ် (အငြိမ်းစား) | နခတ/၁၀၀၁၄ | ခစတ (၁၀၁၄) |
| (၄) | ဗိုလ်မှူး | စောဝင်းလှိုင် (အငြိမ်းစား) | နခတ/၁၀၀၁၅ | ခစတ (၁၀၁၅) |
| (၅) | ဗိုလ်မှူး | စောကျော်ဝင်း (အငြိမ်းစား) | နခတ/၁၀၁၁၃ | ခစတ (၁၀၁၃) |
| (၆) | ဗိုလ်မှူး | စောစိုးစိုး | နခတ/၁၀၁၁၆ | ခစတ (၁၀၁၆) |
| (၇) | ဗိုလ်မှူး | စောကျော်ဖော | နခတ/၁၀၁၁၉ | ခစတ (၁၀၁၉) |
| (၈) | ဗိုလ်မှူး | မန်းဝင်းယုံ (အငြိမ်းစား) | နခတ/၁၀၁၂၁ | ခစတ (၁၀၂၁) |
| (၉) | ဗိုလ်မှူး | စောအဲမို (အငြိမ်းစား) | နခတ/၁၀၁၂၃ | ခစတ (၁၀၂၃) |
| (၁၀) | ဗိုလ်ကြီး | စောမြင့်ဝေ (အငြိမ်းစား) | နခတ/၁၀၂၃၆ | ခစတ (၁၀၁၂) |
| (၁၁) | ဗိုလ်ကြီး | မန်းကြည်မြင့် | နခတ/၁၀၂၄၇ | ခစတ (၁၀၁၆) |
| (၁၂) | ဗိုလ်ကြီး | စောကျော်အောင် | နခတ/၁၀၂၅၆ | ခစတ (၁၀၁၉) |
| (၁၃) | ဗိုလ် | စောကျော်လင်းဦး | နခတ/၁၀၇၁၁ | ခစတ (၁၀၂၂) |

စစ်မှုထမ်းဟောင်းများကို နယ်ခြားစောင့်တပ်တွင် တပ်မှူးအဖြစ်ခန့်အပ်စာ (Photo credit : Khit Thit Media)

ထို့ပြင်စစ်ကောင်စီ၏ သတင်းစာရှင်းလင်းပွဲ အမှတ်၆/၂၀၂၁တွင် အမျိုးသားရေးလှုပ်ရှားသူ ဒေါ်ဆွေဇင်က "တပ်မတော်ထောက်ခံသူများဟာ မိမိကိုယ်ကို ခုခံခွင့်အရ လက်နက်တပ်ဆင်ခွင့်ရှိ၊ မရှိ "မေးမြန်းခဲ့ရာ ဗိုလ်ချုပ်ဇော်မင်းထွန်းက "မိမိကိုယ်ကို ခုခံပိုင်ခွင့်အရ လက်နက်ကိုင်ဆောင်ခွင့်ရှိကြောင်း" ပြန်လည် ဖြေကြားခဲ့သည်။ ဧပြီလ၂၇ရက်နေ့၊ ၂၀၂၂ခုနှစ် စစ်ကောင်စီသတင်းစာရှင်းလင်းပွဲတွင်ပြည်သူများ ပါဝင်သည့် ပြည်သူ့ လုံခြုံရေးစနစ်ကို အကောင်အထည်ဖော်နေပြီး လိုအပ်တာအားလုံး ထောက်ပံ့ပေးမည်ဟု စစ်ကောင်စီ ပြန်ကြားရေးဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းကပြောခဲ့သည်။ စစ်တပ်၊ ရဲ၊ ရပ်ရွာလုံခြုံရေး အထောက်အကူပြုအဖွဲ့နှင့် ပြည်သူတွေပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်ကိုအကောင်အထည်ဖော်နေပြီး ဆက်လက်အကောင် အထည်ဖော်သွားမည်ဟု ပြောကြားခဲ့သည်။ ပျူစောထီးအဖွဲ့သည် ၂၀၂၂ခုနှစ်တွင် သွေးသောက်အဖွဲ့အဖြစ် ထပ်မံအသွင်ပြောင်းမှုများကို ဆောင်ရွက်ခဲ့သည်။

စစ်တပ်သည် လူထုနှင့် နိုင်ငံတကာမျက်နှာစာတွင် ဖုံးဖိ၍ မရလောက်အောင် နာမည်ဆိုး ထွက်သွားလျှင် အမည်သစ်ဖြင့် အသွင်ပြောင်း လှုပ်ရှားသော အလေ့အထရှိသည်ကို ခေတ်အဆက်ဆက်တွင် တွေ့မြင်ရသည်။ ၂၀၁၂ တွင် မွတ်စလင်ဆန့်ကျင်ရေး အကြမ်းဖက်မှုများကို တနိုင်ငံလုံးအတိုင်းအတာဖြင့် ပေါ်ပေါ်ထင်ထင် လုပ်ဆောင်ခဲ့သော ၉၆၉ အဖွဲ့ကိုလည်း ပြည်သူလူထုနှင့် နိုင်ငံတကာအသိုင်းအဝိုင်းမှ ဆန့်ကျင်ရှုတ်ချချိန်တွင် အမျိုး၊ ဘာသာ၊ သာသနာ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့အဖြစ် အသွင်ပြောင်းလှုပ်ရှားခဲ့သည်။ သွေးသောက်အဖွဲ့နှင့် ပတ်သက်ပြီး မန္တလေးမြို့ခံတဦးမှ အောက်ပါအတိုင်း သုံးသပ် ပြောကြားသည်။

*သွေးသောက်ဆိုတာကလည်း ပျူသင်တန်းတက်ခဲ့တဲ့ကောင်တွေ ကြံ့ဖွတ်တွေ မဘသတွေပဲ။ ကြံ့ခိုင်ရေး ဘက်တော်သားတွေကပဲ ပျူစောထီးပျောက်ပြီး သွေးသောက်ဆိုပြီး ပေါ်လာတယ်လေ။*

စစ်ကောင်စီသည် တိုင်းပြည်အခြေအနေကို မထိန်းနိုင်သည့်အခါ ပိုဆိုးလာအောင် ဖန်တီးပြီး နိုင်ငံရေးအရ အရေးပါမှုကို ဖန်တီးလေ့ရှိသည်။ ပြည်သူများ၏ မလုံခြုံမှုကိုပြပြီး လုံခြုံရေးအတွက်ဟုဆိုကာ တပ်၏ပါဝင်မှုကို ချဲ့ထွင်လေ့ရှိသည်။ နိုင်ငံရေးအရ စစ်တပ်၏ အခန်းကဏ္ဍကို ခြိမ်းခြောက်နိုင်သည့် အခြေနေမျိုးတွင် စစ်တပ်သည် ၎င်းတို့၏ လက်ဝေခံ အရပ်ဝတ် အကြမ်းဖက်အဖွဲ့များကို ဖန်တီးလေ့ရှိသည်။ ၁၉၈၈ လူထုလှုပ်ရှားမှု၊ ၂၀၀၃ ဒီပဲယင်း အကြမ်းဖက်မှု၊ ၂၀၀၇ ရွှေဝါရောင် တော်လှန်ရေး၊ ၁၉၉၆ ဘာသာရေး အထိကရုဏ်းများ၊ ၂၀၀၁ ဘာသာရေး အထိကရုဏ်းများ၊ ၂၀၁၂ ဘာသာရေး အထိကရုဏ်းများ၊ ၂၀၁၃ ဘာသာရေးအထိကရုဏ်းများတွင် အမည်အမျိုးမျိုးဖြင့် လူအုပ်များကို စွမ်းအားရှင် (သို့) အမည်အမျိုးမျိုးဖြင့် ဖန်တီးလေ့ရှိသည်။

"
သွေးသောက်ဆိုတာကလည်း ပျူသင်တန်းတက်ခဲ့တဲ့ကောင်တွေ ကြံ့ဖွတ်တွေ မဘသတွေပဲ။ ကြံ့ခိုင်ရေး ဘက်တော်သားတွေကပဲ ပျူစောထီးပျောက်ပြီး သွေးသောက်ဆိုပြီး ပေါ်လာတယ်လေ။
"




ပျူစောထီး နှင့် အလားတူ စစ်ကောင်စီလက်ကိုင်တုတ် အဖွဲ့အစည်းများ

### ၃.၁။ ခြိမ်းခြောက်မှုများ

ရပ်ရွာတည်ငြိမ်ရေး နှောင့်ယှက်လျှင် ပြင်းထန်စွာစီရင်မည်ဟု ပျူစောထီးအဖွဲ့က ထုတ်ပြန်ကြေညာမှုများ ပြုလုပ်ခဲ့သည်။ ၂၀၂၁ခုနှစ် ဇူလိုင်လ(၂)ရက်နေ့တွင် စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့တွင် ပျူစောထီးအဖွဲ့က NLD ပါတီဝင်တွေနဲ့ တော်လှန်ရေးလုပ်နေသူ (၉၉)ဦးစာရင်းကို ဓါတ်တိုင်များတွင် လိုက်ကပ်ပြီး ခြိမ်းခြောက်မှုများကိုပြုလုပ်ခဲ့သည်။ ထို့ပြင်မန္တလေးနှင့် ကျောက်ဆည်မြို့တွင် ၁၀၄ ဦး၊ ထားဝယ်နှင့် လောင်းလုံတွင် ၁၀၁ ဦး၊ မြင်းခြံမြို့တွင် ၈၅ ဦး၊ မိတ္ထီလာမြို့တွင် ၆၅ ဦး၊ မုံရွာမြို့တွင် ၄၈ဦး၊ ဟုမ္မလင်းတွင် ၄၂ ဦး အမည်စာရင်းတို့ကို ခြိမ်းခြောက်ထုတ်ပြန်ခဲ့သည်။

ဇွန်လအကုန်ပိုင်းတွင် ပျူစောထီးအဖွဲ့မှ မြင်းခြံဒေသခံ ၃၈ ဦး၏အမည်ကို ထည့်သွင်း ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့ပြီး ထို စာရင်းတွင်ပါဝင်သည့် ဇနီးမောင်နှံသည် ခြိမ်းခြောက်မှုစာရင်းတွင် ပါဝင်ပြီး ၆ရက်အကြာတွင် ပစ်သတ်ခံခဲ့ရသည်။ ပစ်သတ်ခံရသည့် NLD မြို့နယ်အလုပ်အမှုဆောင်ဟောင်းများ ဖြစ်ကြသော ပုဂ္ဂလိက ကျောင်းအထက်တန်းပြ ဆရာ ၅၅နှစ်အရွယ် ဦးမိုးဟိန်းနှင့် ဇနီးဒေါ်စုစုလှိုင်တို့ဖြစ်သည်။ ထိုသို့ပစ်သတ်ခံပြီးချိန်တွင် အလောင်းများကို စစ်ကောင်စီမှ မိသားစုသို့ ပြန်မပေးဘဲ သင်္ဂြိုဟ်ခဲ့ပြီး နေအိမ်သို့လာရောက်စစ်ဆေးခြင်း မရှိခဲ့ပေ။ ဦးမိုးဟိန်းတို့ ဇနီးမောင်နှံပစ်သတ်ခံရသော နေရာသည် အမှတ်၉၉ ခြေမြန်တပ်မဌာနချုပ် လက်အောက်ခံ မြင်းခြံအခြေစိုက် ခမရ(၁၅) ခြေမြန်တပ်ရင်း၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနရုံး၊ ရဲစခန်းတို့နှင့် အနီးတဝိုက်တွင်ရှိသည့် နေရာဖြစ်သည်။

တနင်္သာရီတိုင်း၊ ပြည်ကြီးမဏ္ဍိုင်မြို့ရှိ တောင်ငယ်ရွာတွင် ၂၀၂၁ခုနှစ် မတ်လ ၁၆ရက်နေ့ ည ၈နာရီတွင် ကျောင်းသားတစ်ဦးကို စစ်တပ်ကဖွဲ့စည်းပေးထားသည့် ပြည်သူ့စစ်အဖွဲ့က သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။

ရန်ကုန်တိုင်း ဒဂုံမြို့သစ်တောင်ပိုင်းတွင် NLDပါတီရပ်ကျေးအလုပ်အမှုဆောင်ဖြစ်သူ ဦးခင်ကျော်နှင့် ဇနီးကို ၂၀၂၁ခုနှစ် ဇူလိုင်လ ၅ရက်နေ့ည (၈)နာရီကျော်တွင် ပျူစောထီးအဖွဲ့မှ ဆိုင်ကယ်ဖြင့် လာရောက်ပစ်သတ်ခဲ့ရာ ဦးခင်ကျော်မှာ ပွဲချင်းပြီးသေဆုံးခဲ့ပြီး ဦးခင်ကျော်၏ ဇနီးဖြစ်သူမှာ ပေါင်တွင်ကျည်ထိ ဒဏ်ရာရခဲ့သည်။ ဦးခင်ကျော်၏အလောင်းကို စစ်တပ်မှ လာရောက်ယူဆောင်သွားပြီး မိသားစုကို ပြန်ပေးခဲ့ခြင်း မရှိပေ။



ဦးကျောင်ခင်အားပစ်သတ်ခဲ့သည့် ကျည်ခွံ (Photo credit : Khit Thit Media)

ပဲခူးတိုင်း ပဲခူးမြို့တွင် စီးပွားရေးလုပ်ငန်းရှင် ၃၃ဦးကို NLDပါတီထောက်ပံ့သည်ဟုဆိုကာ ပျူစောထီးအဖွဲ့က ခြိမ်းခြောက်စာတစ်စောင်ကို ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၇ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ထုတ်ပြန်ချက်တွင် ပါဝင်သည့် အမည်စာရင်းများနှင့် စီးပွားရေးလုပ်ငန်းများကို တိုက်ခိုက်မှုများ လုပ်ဆောင်သွားမည် ဖြစ်ကြောင်းလဲ ထုတ်ပြန်ချက်တွင်ပါရှိသည်။ ထို့ပြင် CDMပြုလုပ်ထားသည့် ကျန်းမာရေးဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများကိုလည်း ပစ်မှတ်ထားတိုက်ခိုက်သွားမည်ဟု ကြေညာထားသည်။

၂၀၂၁ခုနှစ် ဇူလိုင်လ ၁၇ရက်နေ့ မနက်ပိုင်းတွင် မြင်းခြံမြို့ ဘုံဘောချစ်တီးထမင်းဆိုင်မှကို ကောင်းမြတ်သူနှင့်ဇနီးတို့ကို စစ်ကောင်စီ၏ လက်အောက်ခံအဖွဲ့ဖြစ်သည့် ပျူစောထီးအဖွဲ့သည့် ဆိုင်ကယ်မောင်းနေစဉ် ကားပေါ်မှ ပစ်ခတ်သတ်ဖြတ်ခဲ့သည်။ လင်မယားနှစ်ဦးစလုံးအသတ်ခံရပြီး ကိုကောင်းမြတ်သူတို့မိသားစုတွင် ကလေးငယ်၂ဦးသာကျန်ရှိခဲ့သည်။

၂၀၂၁ခုနှစ် ဩဂုတ်လ၅ရက်နေ့တွင် စစ်ကိုင်းတိုင်း၊ မင်းကင်းမြို့နယ် ချင်းတွင်းမြစ်ဘေးရှိ အိုးဘိုရွာအနီးတွင် စစ်သားများနှင့် ပျူစောထီးအဖွဲ့များသည် သံပေါက်ကျေးရွာသား ၅ဦးကို ဖမ်းဆီးပြီး ဖမ်းဆီးခံရသူများရှေ့တွင် ထို ၅ဦးထဲမှ အသက်၂၆နှစ်အရွယ် ကိုလှိုင်ဝေဦးကို ပန်းဆက်ရွာစာသင်ကျောင်းထဲတွင် သတ်ဖြတ်ခဲ့သည်။

၂၀၂၁ခုနှစ် စက်တင်ဘာလ၂၃ရက်နေ့တွင် မန္တလေးမြို့၊ စိန်ပန်းတွင် ကိုပေါက်ကြီးအား စစ်တပ်သတင်းပေး အောင်ကိုကိုနှင့် အောင်ကိုကို၏ ယောက်ဖတော်စပ်သူ လေတပ်စစ်သားအပါအဝင် အရပ်ဝတ်များ လက်နက်ကိုင်ဆောင်ပြီး ညသန်းခေါင်တွင် လာရောက်ခေါ်ဆောင်သွားခဲ့သည်။ ခေါ်ဆောင် သွားပြီးနောက်မနက်တွင် စိန်ပန်းဝါဆို နောက်ပေါက်တည့်တည့် တာရိုးလမ်းလယ်ခုံပေါ်တွင် ကိုပေါက်ကြီး၏အလောင်းကို ပြန်တွေ့ခဲ့သည်။ ကိုပေါက်ကြီး၏အလောင်းတွင် ဦးခေါင်းသေနတ်ထိမှန်ပြီး လည်ပင်းကို ဓားဖြင့်လှီးခဲ့သည်။



အသတ်ခံရသည့်ကိုပေါက်ကြီးပုံ (Photo credit : Khit Thit Media)

၂၀၂၁ခုနှစ် အောက်တိုဘာလ ၂၃ရက်နေ့တွင် စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ရွာသစ်ကျေးရွာတွင် ပျူစောထီးအဖွဲ့ဖွဲ့စည်းရန် စစ်ကောင်စီမှသင်တန်းလာပေးစဉ် ရွာသားများထွက်ပေးတိမ်းရှောင်ခဲ့သည်။ ပျူစောထီးသင်တန်းတက်ရန် လူ ၃၀စာရင်းပေးထားပြီး အောက်တိုဘာ ၁၉ရက်နေ့တွင် သင်တန်းပေးရန် စစ်ကောင်စီအဖွဲ့ဝင်များ ရောက်ရှိလာခဲ့သည်။ တအိမ်ထောင်လျှင် ၂၀၀၀၀ကျပ် ပေးဆောင်ရပြီး လူ ၄၀အတွက် ရွာသားများက ချက်ပြုတ်ကျွေးမွေးရသည်။ သင်တန်းတက်ရောက်ရန် စာရင်း

ပေးထားသည့် လူဦးရေ ၃၀ထဲမှ ၂၀သည် ထွက်ပြေးသွားသဖြင့် အနီးနားရွာများတွင် လိုက်လံရှာဖွေပြီး လူ ၂၀ထဲမှ နေအိမ် ၆လုံးကို မီးရှို့ဖျက်ဆီးခဲ့သည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၇ရက်နေ့တွင် တနင်္သာရီတိုင်း၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ နဘုလယ်ဒေသ၊ ပရဒတ်ကျေးရွာမှ NLDပါတီဝင် ဦးကျော်ဝင်းအား နေအိမ်တွင် ပျူစောထီးအဖွဲ့က ဖမ်းဆီး ခေါ်ဆောင်သွားပြီး အနီးနားရှိ တောအုပ်တွင် သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာလ၁၉ ရက်နေ့တွင် ကန့်ဘလူပျူစောထီးခေါင်းဆောင် ဦးဝါသဝနှင့် အဖွဲ့သည် တောင်ငုတ်ကြီးကျေးရွာကို ဝင်ရောက်ပြီး ရွာဘုန်းကြီးကျောင်း၌ ဒေသခံများအားစုဝေးကာ တအိမ်လျှင် တယောက်နှုန်း မဖြစ်မနေ ပျူစောထီး သင်တန်းတက်ရောက်ရမည်ဖြစ်ပြီး မတက်ရောက်ကြပါက ရွာကို မီးရှို့မည်ဟု ခြိမ်းခြောက်ခဲ့သည်။ ပျူစောထီးသင်တန်းမတက်လို၍ ထွက်ပြေးတိမ်းရှောင်သူများ၏ နေအိမ်များကို ချိတ်ပိတ်ခြင်းများပြုလုပ်ပြီး ကျန်ရှိနေသည့် ကျွဲ၊နွားများကို ရောင်းချပြီး ရံပုံငွေ အဖြစ်ယူကြသည်။

၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင်မကွေးတိုင်း ယောဒေသကာကွယ်ရေးတပ် (YDF) ရဲဘော် ၂ ဦးကို ဂန့်ဂေါမြို့နယ် မြောက်ခင်ရမ်းကျေးရွာနေ စစ်ကောင်စီလက်အောက်ခံ ပျူစောထီးများက ဖမ်းဆီး နှိပ်စက်ပြီး အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခဲ့သည်။ ဖိုးတေနဲ့ ကိုသားထောင်ဆိုသူ တော်လှန်ရေးရဲဘော် နှစ်ဦးကို သံကြိုးနဲ့တုပ်ကာ ကားဖြင့်ဆွဲခေါ်ပြီး မြောက်ခင်ရမ်းရွာ မြောက်ဘက်အထွက် ဆေးရုံရှေ့ ကုက္ကိုလ်ပင်တွင် အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခဲ့သည်။

> ကန့်ဘလူပျူစောထီးခေါင်းဆောင် ဦးဝါသဝနှင့် အဖွဲ့သည် တောင်ငုတ်ကြီးကျေးရွာကို ဝင်ရောက်ပြီး ရွာဘုန်းကြီးကျောင်း၌ ဒေသခံများအားစုဝေးကာ တအိမ်လျှင် တယောက်နှုန်း မဖြစ်မနေ ပျူစောထီး သင်တန်းတက်ရောက်ရမည်ဖြစ်ပြီး မတက်ရောက်ကြပါက ရွာကို မီးရှို့မည်ဟု ခြိမ်းခြောက်ခဲ့သည်။

## ၃.၂။ အပြစ်မဲ့ ပြည်သူအပေါ် ပျူစောထီး၏ ဖိနှိပ်မှုများ

ပျူစောထီးများသည် လူထုတော်လှန်ရေးအတွက် တိုက်ပွဲဝင်နေသူများအပြင် အပြစ်မဲ့ ပြည်သူအပေါ် ဖိနှိပ်မှုများ၊ ရက်စက်ယုတ်မာမှုများကို စဉ်ဆက်မပြတ် ဆက်တိုက်ပင် ထင်သလို ပြုမူနေသည်။ ပျူစောထီး ပြုလုပ်ခဲ့သည်များကို ထင်သာမြင်သာရှိစေရန် အနည်းငယ်ဖော်ပြထားပါသည်။

၁။ စစ်ကိုင်းတိုင်း၊ မင်းကင်းမြို့နယ်၊ ကြာပင်ကျေးရွာ အထက်တန်းကျောင်းကို ပျူစော ထီများက ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ညသန်းခေါင်ချိန်တွင် မီးရှို့ဖျက်ဆီးခဲ့ကြောင်း ဖမ်းဆီးရရှိသူ ပျူစောထီး အောင်ဒုန်း က ဝန်ခံ ထွက်ဆိုခဲ့ကြောင်း People Defense Force Taung Dwin Region –Mingin က ရုပ်သံဖိုင်နှင့်တကွ ထုတ်ပြန် ထားသည်။

၂။ မြိတ်မြို့တွင် ယာဉ်ထိန်း ရဲတပ်ဖွဲ့က ပျူစောထီး အဖွဲ့ဝင်များကို တစ်ရက်လျှင် လုပ်အားခ ၂၀၀၀၀ ပေးပြီး အရပ်ဝတ်ဖြင့် ဆိုင်ကယ်များကို နေရာအနှံ့လိုက်လံ ဖမ်းဆီးနေကြောင်း ဒေသခံများထံမှ ၂၀၂၃ ဩဂုတ်လ (၁၃) ရက်တွင် သိရသည်။

၃။ မန္တလေးတိုင်း၊ မြင်းခြံမြို့၊ အမှတ်(၁)တိုးချဲ့ရပ်ကွက်တွင် အိမ်ငှားနေသူများ၊ ကျူးကျော်များနှင့် အဆောင်ငှားနေသူများကို ၂၀၂၃ စက်တင်ဘာ ၃ ရက်တွင် တအိမ်လျှင် ငွေ ၃,၀၀၀ ကျပ်စီ အုပ်ချုပ်ရေးမှူးနှင့် ပျူစောထီးများက ငွေကြေးတောင်းခံသည်။ "ပျူစောထီးတွေအတွက် ရန်ပုံငွေဆိုပြီး မိုက်နဲ့ လိုက်အော်ပြီး တောင်းတာ" ဟု သိရသည်။ ဇွန်လတွင်လည်း ပျူစောထီးအဖွဲ့က တအိမ်လျှင် ငွေကျပ် ၅၀,၀၀၀ ကောက်ခံခဲ့သည်။

၄။ ၂၀၂၃ စက်တင်ဘာလ ၁၄ ရက်နေ့ မွန်းလွဲ ၂ နာရီကျော်ခန့်တွင် စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့နယ်၊ ကံကြီးကုန်းရွာမှ ပျူစောထီး ၂၀ ကျော်က သိုးကျောင်းသား ဦးဇော်ငွေးကိုဖမ်းဆီးခေါ်ဆောင်ကာ ပစ်သတ်ပြီး သိုးအကောင် ၁၄၀ ကို ယူသွားခဲ့သည်။

၅။ မန္တလေးတိုင်း စဉ့်ကူးမြို့နယ် အိမ်ခြေ ၂၅ အိမ်သာရှိသည့် စဉ့်အိုးကျွန်းရွာကို ရွာသာယာရွာက ပျူစောထီးတချို့ အပါအဝင် စစ်တပ်အင်အား ၁၀ ဦးခန့်က ၂၀၂၃ အောက်တိုဘာ ၂ ရက် မနက် ၉:၃၀ နာရီတွင် ဆိုင်ကယ် ၃ စီး နွားများနှင့် ပစ္စည်းများကို ယူပြီး နေအိမ် ၁၈ လုံးခန့်ကို မီးရှို့သွားခဲ့သည်။

၆။ အိန္ဒိယ - မြန်မာနယ်စပ် စစ်ကိုင်းတိုင်း၊ တမူးမြို့နယ်၊ ထန်းတပင်ရွာကို ခရစ်ယာန်ဘုရားကျောင်းအပါအဝင် နေအိမ်များကို နှစ်ရက်ဆက်တိုက်၂၀၂၃ ဒီဇင်ဘာ ၃ ရက်နှင့်၄ ရက်တွင် ပျူစောထီးအဖွဲ့က မီးရှို့ခဲ့ပြီး ရွာထဲ ပြန်ဝင်လာသည့် ဒေသခံ လေးဦးကို ပစ်သတ်ခဲ့သည်။

၇။ ၂၀၂၄ ဇန်နဝါရီ ၂၈ ရက် ညတွင် မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်၊ တူရွင်းဘို့ရွာကို စစ်ကောင်စီတပ်နှင့် ပျူစောထီးအဖွဲ့တွေ ဝင်ရောက်ခဲ့ပြီး အမျိုးသမီး လေးဦးစလုံး၏ ရုပ်အလောင်းများကို ဇန်နဝါရီ ၂၉ ရက် မနက်တွင် တွေ့ခဲ့ရသည်။

"အလောင်းတွေက နားထင်တွေကို သေနတ်နဲ့ တေ့ပစ်ထားတဲ့ ဒဏ်ရာတွေပါတယ်၊ ဓားတွေနဲ့ မွှမ်းထားတာတွေ ပါတယ်ပေါ့နော်။ မဇင်မာတင်နဲ့ မအိမေဂျာတို့ဆိုရင် လိင်ပိုင်းဆိုင်ရာကျူးလွန်ခံထားရတဲ့ အနေအထားတွေ တွေ့ရတယ်" ဟု ရုပ်လောင်းသဂြိုလ်ပေးသူများက ပြောသည်။

၈။ ၂၀၂၄ ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် မကွေးတိုင်း ဂန့်ဂေါမြို့နယ် ဟံသာဝတီကျေးရွာနေ သက်တော် ၄၅ နှစ်၊ ဝါတော် ၂၅ ဝါရှိတဲ့ ဦးပညာဝရ(ခ) ဦးဇင်းကျော်လွှား တိုက်အုပ်ဆရာတော်ကို မြောက်ခင်ရန်းကျေးရွာက ပျူစောထီးများသည် တရားဟောရန် ပင့်သွားခဲ့ပြီး ဖေဖော်ဝါရီလ ၁၃ ရက်နေ့မနက်ပိုင်းမှာ ဆရာတော်၏ အလောင်းကို ဟံသာဝတီကျေးရွာဆီ ပြန်လည်ပို့ဆောင်ခဲ့သည်။

၉။ နိုင်ငံတဝှမ်းတွင် အုပ်ချုပ်ရေး အဖွဲ့ဝင်တွေကို ဖယ်ရှားလိုက်ပြီး စစ်တပ်က သင်တန်းပေးထားတဲ့ ပျူစောထီးတွေကို အမာခံထားပြီး စစ်မှုထမ်းဟောင်းတွေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ၂၀၂၄ ဖေဖော်ဝါရီ

ဒုတိယပတ်တွင်ပြောင်းလဲဖွဲ့စည်းလိုက်ပြီး ပျူစောထီးအမာလိုင်းများကို ရပ်ကျေး ဥက္ကဋ္ဌများ ခန့်အပ်ကာ ဖိနှိပ်မှုများ ပိုမိုပြုလုပ်နေသည်။

၁၀။ ၂၀၂၄ မတ်လ ၂၀ရက်တွင် စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်ရှိ ဒေသခံ အစ္စလာမ်ဘာသာဝင်များကို အစွန်းရောက် အမျိုးသားရေးသင်္ကန်းဝတ် ဦးဝါသဝ ဦးဆောင်သည့် ပျူစောထီးအဖွဲ့ထဲ ဝင်ခိုင်းပြီး မဝင်သော အိမ်ထောင်စုတွေအနေနဲ့လည်း ကျပ်နှစ်သောင်း လစဉ် ပေးဆောင်နေရသည်။

၁၁။ ၂၀၂၄ ဧပြီလ ၂၅ ရက် ညနေ ၆ နာရီခန့် အချိန်က တနင်္သာရီတိုင်း ၊ ထားဝယ်ခရိုင် ရေဖြူမြို့နယ် ၊ ကံပေါက်ဒေသ ၊ သဲချောင်းကျေးရွာအုပ်စု၊ သဘွတ်ချောင်း ရွာက စိတ်ကျန်းမာရေးချို့နေသူ ဦးဝင်းကျော်ကို အုပ်ချုပ်ရေးမှူးနှင့် ပျူစောထီး အဖွဲ့ဝင်များက ဖမ်းဆီးရိုက်နှက်၍ သေဆုံးသွားခဲ့သည်။

၁၂။ အရိပ်စစ်ဆင်ရေးတွင် ပဲခူးတိုင်း၊ တောင်ငူမြို့နယ်မှ ပျူစောထီးအဖွဲ့ဝင် ၆ ဦး ပစ်ခတ်ခံရပြီး သေဆုံးသွားသည်။ ကိုလောရှည် ဆိုသူထံမှစစ်သားအဖြစ် စုဆောင်းမည့် လူငယ်များစာရင်းနှင့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရရှိကြောင်း ငါးပြေမပြောက်ကြားတပ်ဖွဲ့၏ တာဝန်ရှိသူတစ်ဦးက ပြောဆိုသည်။

၁၃။ မကွေးတိုင်း၊ မြိုင်မြို့နယ်၊ ကန်နီပျူရွာနေ ပျူ စောထီးခေါင်းဆောင် ကျော်ဆန်းဝင်းက မြန်မာငွေ ကျပ် ၁,၀၀၀ တန်၊ ၅,၀၀၀ တန်နဲ့ ၁၀,၀၀၀ တန်ကို မိတ္တူကူး တံဆိပ်တုံးထုပြီး ကျေးရွာအတွင်း လည်ပတ်ငွေကြေးအဖြစ် ဩဂုတ် ၅ ရက်က စတင်အသုံးပြုခဲ့သည်။ ၎င်းအပြင် ကျေးရွာနေထိုင်သူတို့ ၏ မှတ်ပုံတင် အိမ်ထောင်စုဇယားတို့ကိုလည်း သိမ်းဆည်းထားသည်။ ကန်နီရွာသည် အိမ်ထောင်စု ၅၀၀ ကျော် ပြည်သူ ၂,၀၀၀ နီးပါး နေထိုင်တဲ့ ကျေးရွာဖြစ်ပြီး ထွက်ပြေးလွတ်မြောက်လာသူ ၁,၂၀၀ ကျော်ရှိပြီဟု သိရသည်။

## ၄။ ပျူစောထီးများအား ထောက်ပံ့နေမှု

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ်နှင့် တန့်ဆည်မြို့နယ်မှ ပျူစောထီး ၁၆၀ ဦးအတွက် အခြေခံ စားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆားနှင့် ထောပတ်ပဲ ဝယ်ယူရန် သိန်း ၄၀ ကျော်ကို ပြည်သူ့စစ်နှင့် ပျူစောထီးသင်တန်းများကို ဦးဆောင်နေသည့် မဘသ ဘုန်းကြီးဦးဝါသထံ စစ်ကောင်စီ၏ ကန့်ဘလူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့က အောက်တိုဘာလ ၂၀ ရက် ၂၀၂၂ ခုနှစ်တွင် ထောက်ပံ့ခဲ့သည်။


"ငွေလွှဲပြောင်း/လက်ခံပြေစာ"

အကြောင်းအရာ။ ကန့်ဘလူမြို့နယ်၊ ကမ်းဖြူကျေးရွာအုပ်စုရှိ လုံခြုံရေးတာဝန်ထမ်းဆော နေသော ပြည်သူ့စစ်အင်အား(၄၀)ဦးအတွက် (၂)လစာ အခြေခံစားကုန် (၄)မျိုး(ဆန်၊ ဆီ၊ ဆား၊ ထောပတ်ပဲ) ထောက်ပံ့ခြင်း

ငွေပေါင်း(ဂဏန်းဖြင့်)။ ၁,၆၅၇,၄၀၀/-

ငွေပေါင်း(စာဖြင့်)။ တစ်ဆယ့်ခြောက်သိန်းငါးသောင်းခုနစ်ထောင်လေးရာကျပ်တိတိ

| ငွေလွှဲပြောင်းပေးအပ်သူ | ငွေလွှဲပြောင်းလက်ခံသူ |
| --- | --- |
| ( စိုးရွှေအောင် ) | ဦးဝါသဝ(၅၅၀-ဆရာတော်) |
| | သာသနာ့အလင်းရောင်ကျောင်းတိုက် |
| | မှော်တော်ကျေးရွာ |
| ကန့်ဘလူမြို့ | ကန့်ဘလူမြို့နယ် |

ပျူစောထီးများအတွက် ငွေကြေးထောက်ပံ့ပေးသည့် ပြေစာဖြတ်ပိုင်းတစ်ခု (Photo: Myanmar Now)

ကန့်ဘလူမြို့နယ် ကမ်းဖြူကျေးရွာအုပ်စုရှိ ပျူစောထီး ၄၀ ဦးအတွက် နှစ်လစာ အခြေခံစားကုန် (၄) မျိုးဝယ်ယူရန် ငွေကျပ် ၁၆၅၇၄၀၀၊ ကန့်ဘလူနှင့် တန့်ဆည်မြို့နယ်တို့အတွင်းရှိ အခြား ပျူစောထီး ၁၂၀ ဦးအတွက် တစ်လစာ အခြေခံ စားသောက်

ကုန်(၄)မျိုး ဝယ်ယူရန် ငွေကျပ် ၂၄၈၆၁၀၀ တို့ကို တိုင်းအစိုးရ ခွင့်ပြုချက်ဖြင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဝါသဝမှတစ်ဆင့် ထောက်ပံ့ခဲ့သည်။

စစ်ကိုင်းတိုင်း၊ ကန့်ဘလူနှင့် တန့်ဆည်မြို့နယ်အစပ်ရှိ စိန်နား(မ)ကျေးရွာတွင် မဘသ ဆရာတော် ဦးဝါသဝ ဦးဆောင်သည့် ပျူစောထီးအဖွဲ့က ဒေသခံများအား ခြိမ်းခြောက်ပြီး ရိက္ခာပေးဆောင်ခိုင်းခြင်းများကို ပြုလုပ်နေသည်။ စိန်နားကျေးရွာ သည် အိမ်ခြေ ၇၀ ခန့်ရှိပြီး ပျူစောထီးအဖွဲ့အတွက် စားရိတ်အဖြစ် အိမ်တစ်အိမ်လျှင် ငွေကျပ် ၃သောင်း၊ ဆန် ၄ပြည်၊ ဆီ ၁လီတာဘူး ၁ဘူး တို့ကို လစဉ် ပေးဆောင်နေရ သည်။ ပျူစောထီးအဖွဲ့ဝင်ရန် စစ်သင်တန်းတက်ရောက်နိုင်ခြင်းမရှိသည့် အိမ်များထံမှ ကျပ်သိန်း ၇၀ ထိ ပေးဆောင်ရသည်။

PDFနဲ့ ပူးပေါင်းသည်ဟု ယူဆသည့်နေအိမ်များ၊ ပျူစောထီးသင်တန်းများကို မတက်ရောက်ပဲ ရှောင်တိမ်းသည့်နေအိမ်များကို ချိတ်ပိတ်ကာ ရောင်းချပြီး ရုံပုံငွေအဖြစ်ယူကြသည်။ ထို့ပြင် ပျူစောထီး သင်တန်းမတက်ရောက်လိုပါက ဒဏ်ကြေးပေးဆောင်ရသည်။

ဒီမိုကရေစီအရေး တက်ကြွလှုပ်ရှားသူများအား သတ်ဖြတ်မှုများကို ပျူစောထီးနှင့် သွေးသောက် အဖွဲ့ဝင်များသော အစွန်းရောက်အမျိုးသားရေး အုပ်စုများက လုပ်ဆောင်ခဲ့ပြီး စစ်တပ်အရာရှိဟောင်းများက ငွေကြေး လက်နက် လုံခြုံရေး တာဝန်ယူပေးကြောင်း ရန်ကုန်မြို့နေ တဦးထံက သိရသည်။ ရန်ကုန်အတွက် ဦးဆောင်ပံ့ပိုးပေးနေသူမှာ တာမွေမြို့နယ် အသောကလမ်းတွင်နေထိုင်သော စစ်တပ်အရာရှိဟောင်းဖြစ်ပြီး ပြည်နယ်တိုင်း မြို့နယ်အသီးသီးတွင်လည်း တာဝန်ခံများရှိကြောင်း ၎င်းက ဆက်လက်ဖြေကြားခဲ့သည်။

> စစ်ကိုင်းတိုင်းကန့်ဘလူမြို့နယ်နှင့် တန့်ဆည်မြို့နယ်မှ ပျူစောထီး ၁၆၀ ဦးအတွက် အခြေခံ စားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆားနှင့် ထောပတ်ပဲ ဝယ်ယူရန် သိန်း ၄၀ ကျော်ကို ပြည်သူ့စစ်နှင့် ပျူစောထီးသင်တန်းများကို ဦးဆောင်နေသည့် မဘသဘုန်းကြီး ဦးဝါသထံ စစ်ကောင်စီ၏ ကန့်ဘလူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့က အောက်တိုဘာလ ၂၀ ရက် ၂၀၂၂ခုနှစ်တွင် ထောက်ပံ့ခဲ့သည်။

## ၅။ ပျူစောထီးအဖွဲ့နှင့်အလားတူ အဖွဲ့အစည်းများ

ပျူစောထီးအဖွဲ့ကဲ့သို့သော လုပ်ငန်းတူ၊ ရည်ရွယ်ချက်တူသည့် စစ်တပ်ထောက်ခံသည့်အခြားအဖွဲ့ အစည်းအချို့လည်းရှိသည်။ အလားတူအဖွဲ့ဝင်များသည် တော်လှန်ရေးကို အားပေးသည့်သူများကို ခြိမ်းခြောက်သည့် အဖွဲ့အစည်းများလည်းဖြစ်သည်။

### ၅.၁။ နဂရပါလအဖွဲ့

နဂရပါလအဖွဲ့၏ ရည်ရွယ်ချက် လုပ်ငန်းများသည် ပျူစောထီးအဖွဲ့နှင့် ပုံစံတူနီးပါးရှိသည်။ ၎င်းတို့၏ ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များတွင်စစ်တပ်ထောက်ခံသူများအားအားပေးကူညီရန်နှင့် Social Punish- ment အလုပ်ခံရသူများ၊ Non-CDMများကို ကူညီရန်ဖော်ပြထားသည်။ ထို့အပြင် တော်လှန်ရေးကို လုပ်ဆောင် နေမှုမှန်သမျှကို နဂရပါလအဖွဲ့မှ ကြပ်မတ်စွာ စောင့်ကြည့်ပြီး တရားဥပဒေအရအရေးယူနိုင်ရန် သက်ဆိုင် ရာသို့ တိုင်ကြားမည်ဖြစ်သလို လက်တုံ့ပြန်ဆောင်ရွက်မှုများကိုလည်း လုပ်ဆောင်သွားမည်ဟုဆိုသည်။ နဂရပါလအဖွဲ့သည် ဧရာဝတီတိုင်း မအူပင်မြို့နယ်တွင် ဖွဲ့စည်းထားခြင်းဖြစ်သည်။


ပြည်ထောင်စုမြန်မာနိုင်ငံတော်
နဂရပါလ အဖွဲ့
ဧရာဝတီတိုင်း၊ မအူပင်မြို့
ကြေငြာချက် အမှတ် ( ၁/ ၂၀၂၂ )
နဂရ = မြို့
ပါလ = စောင့်ရှောက်သူများ

နဂရပါလအဖွဲ့
မအူပင်မြို့

အကြောင်းအရာ ။ ။ နဂရပါလအဖွဲ့ မအူပင်အား ဖွဲ့စည်းတည်ထောင်ပြီးကြောင်း ကြေငြာခြင်း။

ဤအဖွဲ့ကြီးအား အမျိုးဘာသာ သာသနာကို ကာကွယ်စောင့်ရှောက်လိုသော ပြည်သူများ၊ တပ်မတော်ကို အားပေးထောက်ခံသော ပြည်သူများနှင့် အေးချမ်းစွာနေထိုင်လိုသော ပြည်သူများ ပူးပေါင်း၍ ရပ်ရွာ အေးချမ်းသာယာရေးကို အလေးထား၍ တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီနိုင်စေရန် ရည်ရွယ် ဖွဲ့စည်းလိုက်သည် ။

ရည်ရွယ်ချက် ။ ။ ( ၁ ) ရပ်ရွာအေးချမ်းသာယာရေးကို နှောင့်ယှက်ဖျက်ဆီးလိုသူများသည့် CRPH, NUG, PDF စသော အကြမ်းဖက်အဖွဲ့ အစည်းများနှင့် နိုင်ငံသစ္စာဖောက် CDM လုပ်ဆောင်သူများအား အားပေးထောက်ခံခြင်း၊ ထောက်ပံ့ပေးခြင်း၊ လှုံ့ဆော်ခြင်း စသော အဖျက်အမှောင့်လုပ်ငန်းများအား တက်ကြွလှုပ်ရှားစွာ အားပေးပါဝင်ခြင်း၊ Non - CDM ဝန်ထမ်းများနှင့် NLD - CRPH တို့အား အားပေးထောက်ခံခြင်း မပြုသော ပြည်သူများအားအမြင်မတူရန်သူဟုသတ်မှတ်ကာ Social Punishments ပြုလုပ်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဖိအားပေးခြင်း၊ အသိဟုစွပ်စွဲပြောဆိုကာ လူနေမှုဘဝလုံခြုံမှုမရှိအောင် တရားမဲ့နှောက်ယှက်ခြင်းများလုပ်ဆောင်နေဆဲဖြစ်သော ကြောင့်အပြစ်မဲ့ ပြည်သူများဘက်မှ ရပ်တည်ကာကွယ်ရန် ။

( ၂ ) လုပ်ကိုင်ဆောင်ရွက်မှုမှန်သမျှကို ပြည်သူ့အင်အားဖြင့် ဖွဲ့စည်းထားသော နဂရပါလ ( မအူပင် ) အဖွဲ့ကြီးမှ ကြပ်မတ်စွာ စောင့်ကြည့်စိစစ်ပြီးလျှင် တရားဥပဒေအရ အရေးယူနိုင်ရန် သက်ဆိုင်ရာသို့ သတင်းပေးပို့ခြင်းနှင့် လိုအပ်ပါက အဓိအားလျော်စွာ ပြန်လည်လက်တုံ့ပြန်သွားမည်ဖြစ်ကြောင်း ပြင်းပြင်းထန်ထန် သတိပေးလိုက်ပါသည် ။

( ၃ ) နဂရပါလ ( မအူပင် )အဖွဲ့သည် မည်သည့် ပါတီ၊ မည်သည့်အဖွဲ့အစည်းနှင့်မှ သက်ဆိုင်ခြင်းမရှိပဲ အေးချမ်းစွာ နေလိုသောပြည်သူများ၏ လူမှုရေး၊ ပညာရေး၊ စီးပွားရေးတို့ကို နှောက်ယှက် ဖော်ကားခံရခြင်းမှ ကင်းဝေးစေရန် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်လိုသော ရည်ရွယ်ချက်ဖြင့် ပြည်သူမှ ပြည်သူသို့ ထိရောက်စွာ အကူအညီပေးနိုင်ရေး အလေးထားလျက် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်ပေသည် ။

သို့ဖြစ်ပါ၍ မအူပင်မြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့်မိမိတို့ပတ်ဝန်းကျင်ရှိ အဖျက်အမှောင့်လုပ်ငန်းများလုပ်ဆောင်နေသူများအား နဂရပါလ အဖွဲ့ကြီးနှင့် ပူးပေါင်းဖော်ထုတ်၍ တိုက်ဖျက်ခြင်း အားဖြင့် ရပ်ရွာတည်ငြိမ်အေးချမ်းသာယာရေးအား အမြန်ဆုံးအကောင်အထည်ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည် ။

နာယက
နဂရပါလအဖွဲ့
မအူပင်မြို့

နဂရပါလအဖွဲ့ကြေညာချက် (Photo credit : နဂရပါလ fb page)




နဂရပါလအဖွဲ့တံဆိပ်

## ၅.၂။ မျိုးချစ်မဟာမိတ်အဖွဲ့

မျိုးချစ်မဟာမိတ်အဖွဲ့ကို တနင်္သာရီတိုင်း မြိတ်မြို့နှင့် ပုလောမြို့တို့တွင် ဖွဲ့စည်းခဲ့ပြီး အနီရောင်စစ်ဆင်ရေး ကြေငြာချက်ကို ထုတ်ပြန်ခဲ့သည်။ မြိတ်မြို့တွင် ဧပြီလ(၂၉)ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး၊ ပုလောမြို့တွင် မေလ (၁)ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ထို ထုတ်ပြန်ချက်တွင် နိုင်ငံတော်တာဝန် ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်း လုံခြုံရေးတပ်ဖွဲ့ဝင် တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များသာမက ယင်းတို့၏ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းများ၊ အုပ်ချုပ်ရေးမှူးများနှင့် YMBA အသင်းဝင်များ အမဲလိုက် ဧယျစစ်ဆင်ရေးဖြင့် သုတ်သင်ရှင်းလင်း သတ်ဖြတ်မည်ဖြစ်ကြောင်း ဖော်ပြခဲ့မှုကို လက်မခံကြောင်းနှင့် အစွန်းရောက် NLD ပါတီဝင်များနှင့် ထောက်ခံသူများ PDF အကြမ်းဖက်အဖွဲ့ဝင်များနှင့် ယင်းတို့၏ မိသားစုဝင်များအား မျိုးချစ်မဟာမိတ်အဖွဲ့မှ အနီရောင်စစ်ဆင်ရေးအဖြစ် တန်ပြန်တိုက်ခိုက်သွားမည်ဟု ထုတ်ပြန်ထားသည်။ မြိတ်မြို့နယ် ထုတ်ပြန်ချက်ကို ပျူစောထီး



မျိုးချစ်မဟာမိတ်အဖွဲ့(မြိတ်)

အနီရောင်စစ်ဆင်ရေးကြေညာချက်

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၉) ရက်။

နိုင်ငံတော်တာဝန် ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်း လုံခြုံရေးတပ်ဖွဲ့ဝင် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသာမက ယင်းတို့၏ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းများ၊ အုပ်ချုပ်ရေးမှူးများနှင့် YMBA အသင်းဝင်များအား အမဲလိုက် ဧယျစစ်ဆင်ရေးဖြင့် သုတ်သင်ရှင်းလင်း သတ်ဖြတ်မည်ဖြစ်ကြောင်း ဖော်ပြခဲ့မှုနှင့် ပတ်သက်၍ မိမိတို့ မျိုးချစ်မဟာမိတ်အဖွဲ့(မြိတ်)မှ လုံးဝလက်ခံနိုင်ခြင်း မရှိကြောင်းနှင့် အစွန်းရောက် NLD ပါတီဝင်များနှင့် ထောက်ခံဝန်းရံသူများ၊ PDF အကြမ်းဖက်အဖွဲ့ဝင်များ၊ ၎င်းတို့နှင့် ပတ်သက်ဆက်နွယ်သည့် မိသားစုဝင်များအား မိမိတို့အဖွဲ့မှ အနီရောင်စစ်ဆင်ရေးအဖြစ် တန်ပြန်တိုက်ခိုက် ချေမှုန်းသွားမည်ဖြစ်ကြောင်း ထုတ်ပြန်လိုက်သည်။

| | |
|---|---|
| ဗိုလ် ရန်ရှင်း | ဓဒဓ |
| အဖွဲ့ခေါင်းဆောင် | အဖွဲ့ခေါင်းဆောင် |
| ပျူစောထီး(မြိတ်) | လက်မရှိ့မျိုးချစ်အဖွဲ့(မြိတ်) |

အနီရောင်စစ်ဆင်ရေးကြေညာချက်
(Photo : မျိုးချစ်မဟာမိတ်အဖွဲ့)



မျိုးချစ်မဟာမိတ်အဖွဲ့(မြိတ်)

သတိပေးခြင်း

စာအမှတ်၊ ၁ / ပပ / ၂၀၂၂
ရက် စွဲ၊ ၂၈-၁-၂၀၂၂

၁။ အမျိုး ဘာသာ၊ သာသနာ ကာကွယ်စောင့်ရှောက်ရေး၊ မြိတ်ဒေသတည်ငြိမ်ရေးနှင့် အပြစ်မဲ့ပြည်သူများအား အကြမ်းဖက်သမားများရန်မှ အကာအကွယ်ပေးနိုင်ရေးစသည့် ကောင်းမြတ်သောရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသော မိမိတို့မျိုးချစ်မဟာမိတ်အဖွဲ့သည် မြိတ်ခရိုင်အတွင်းရှိ PDF အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုများအား မျက်ချည်မပြတ်စောင့်ကြည့်နေလျက်ရှိပါသည်။ ယခုအခါ အဆိုပါ အကြမ်းဖက်သမားများမှ မြိတ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အများအကျိုး ဆောင်ရွက်လျက်ရှိသည့် ဦးလှသန်းအပါအဝင် အခြားစီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် ပြည်သူလူထုအား အန္တရာယ်ပေးမည်ဖြစ်ကြောင်း Online မှတဆင့် ခြိမ်းခြောက်မှုများ ဆောင်ရွက်လာသည်ကို တွေ့ရပါသည်။

၂။ သို့ဖြစ်၍ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရန်နှင့် အများအကျိုးဆောင်ရွက်လျက်ရှိသော အပြစ်မဲ့စီးပွားရေးလုပ်ငန်းရှင်ကြီးများအား ခြိမ်းခြောက်ခြင်း၊ အန္တရာယ်ပေးရန်ကြံစည်ကြိုးစားခြင်းများအား ရပ်တန့်ကရပ်ရန်နှင့် ဆက်လက်လုပ်ဆောင်နေမည်ဆိုပါက ကျွန်ုပ်တို့ မျိုးချစ်မဟာမိတ်အဖွဲ့မှ လက်ပိုက်ကြည့်ရှုနေလိမ့်မည်မဟုတ်ကြောင်းနှင့် ခွင့်လွှတ်သည်းခံလိမ့်မည်မဟုတ်ဘဲ ထိရောက်လျင်မြန်စွာ လက်တုန့်ပြန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နောက်ဆုံးအကြိမ် သတိပေးလိုက်သည်။

| | |
|---|---|
| ဗိုလ် ရန်ရှင်း | ဓဒဓ |
| အဖွဲ့ခေါင်းဆောင် | အဖွဲ့ခေါင်းဆောင် |
| ပျူစောထီး(မြိတ်) | လက်မရှိ့မျိုးချစ်အဖွဲ့(မြိတ်) |

မျိုးချစ်မဟာမိတ်အဖွဲ့သတိပေးထုတ်ပြန်ချက်
(Photo : မျိုးချစ်မဟာမိတ်အဖွဲ့)

အဖွဲ့ ခေါင်းဆောင်နှင့် လက်မရွံ့ မျိုးချစ်အဖွဲ့ခေါင်းဆောင်တို့မှ ထုတ်ပြန်ခြင်းဖြစ်သည်။

ထို့ပြင် ရေဖြူမြို့နယ်နှင့် ထားဝယ်မြို့နယ် မောင်မယ်ရှောင်ရွာတို့တွင်လည်း မျိုးချစ်မဟာမိတ်အဖွဲ့မှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသာမက ယင်းတို့၏ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းများ၊ အုပ်ချုပ်ရေးမှူးများနှင့် YMBA အသင်းဝင်များအား သုတ်သင်ရှင်းလင်းခြင်းနှင့်ပတ်သက်၍ ထားဝယ်မြို့ မောင်မယ်ရှောင်အဖွဲ့မှ NLD ထုတ်ပြန်ချက်များ ထုတ်ပြန်ခဲ့သည်။

## ၅.၃။ စွန်ရဲအဖွဲ့



*(Photo Credit : Ko Thar Gyi's FB)*

၂၀၂၂ခုနှစ်မေလ၃ရက်နေ့တွင် ထားဝယ်ခရိုင်လောင်းလုံးမြို့နယ် သာယာကုန်းရွာနှင့် အင်းဝန်းရွာ အကြား ထန်းပင်တန်းလမ်းမဘေးတွင် အမည်မသိအမျိုးသားတစ်ဦးအား လက်ပြန်ကြိုးတုပ်ကာ အသတ်ခံထားရပြီး အလောင်းတွင် လေဟုန်ပြင်းပြင်းအနီရောင်ကို ရှင်းစွန်ရဲအဖွဲ့ တံဆိပ်ပါကတ်ပြားကို ချိတ်ဆွဲထားခဲ့သည်။

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်တွင် စစ်အာဏာရှင်ဆန့်ကျင်ရေး ကျေးရွာသပိတ်များ ပြန်လည် လှုပ်ရှားရန်အတွက် ဦးဆောင်နေသည့် ထားဝယ်ခရိုင်၊ သပိတ်ကော်မတီဝင်တစ်ဦး ဖြစ်သည့် ကိုမင်းလွင်ဦးအား ဆန္ဒပြခြင်းများ ဆက်လက်လုပ်ဆောင်နေပါက ကိုမင်းလွင်ဦး၏ မိဘ၊ ညီအကို၊ ဇနီးနှင့်သား နေထိုင်သည့် နေရပ်လိပ်စာများ အတိအကျရထားပြီး ဖြစ်ကြောင်း ခြိမ်းခြောက်မှုများပြုလုပ်ခဲ့သည်။

တနင်္သာရီတိုင်း ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ် ဝက်ချောင်းရွာတံတား အနီးတွင် ဇွန်လ ၁၅ရက်နေ့ နံနက်ပိုင်းအချိန်တွင် သေနတ်ဖြင့် ပစ်ခတ်ခံထားရသည့် ကိုမျိုးကိုနှင့် ကိုရန်ပိုင်စိုးတို့၏ ရုပ်အလောင်းကို တွေ့ရှိခဲ့ရသည်။ စွန်ရဲအဖွဲ့သည် မနက်၄နာရီဝန်းကျင်တွင် ဇေကနိကျေးရွာ ရွာသား၂ဦး ဘေးတွင် စွန်ရဲအဖွဲ့ တံဆိပ်စာရွက်များကို ဖြန့်ကြဲခဲ့သည်။ထို့ပြင်အဆိုပါကျေးရွာရှိ NLDအမာခံ ဦးငွေကြည်၏ နေအိမ်ကိုလည်း စွန်ရဲအဖွဲ့မှ ဝင်ရောက်ရှာဖွေရာ ၎င်းအား မတွေ့ရှိသဖြင့် နေအိမ်ကို ဖုံးခွဲပစ်ခတ်ခဲ့ကြသည်။ ထို့ပြင် NLDအမာခံ ဦးမျိုးသိန်းအား ထပ်မံဝင်ရောက်ဖမ်းဆီးရာ ဦးမျိုးသိန်းအား မတွေ့ရှိသဖြင့် သမီးဖြစ်သူအား နေအိမ်အတွင်း ကြိုးတုပ်ထားခဲ့သည်။

တနင်္သာရီတိုင်း ထားဝယ်ခရိုင် လောင်းလုံမြို့နယ်တွင် ၂၀၂၂ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့တွင် မောင်းမကန်ကျေးရွာနေ ဦးဇော်ဝင်းနှင့် ဒေါ်ပွါးတို့ကို PDF အဖွဲ့များနှင့် ပတ်သတ်မှုရှိသည်ဟု စွပ်စွဲကာ စွန်ရဲအဖွဲ့နှင့် စရဖများက ဝင်ရောက်ဖမ်းဆီးပြီး ပစ်သတ်ခဲ့သည်။ ပစ်သတ်ခံရသူနှစ်ဦး၏ ဘေးတွင် စွန်ရဲတံဆိပ်များကို ချန်ခဲ့ကြသည်။




စွန်ရဲအဖွဲ့တံဆိပ်

## ၅.၄။ သွေးသောက်အဖွဲ့

သွေးသောက်အဖွဲ့အား စတင်ဖွဲ့စည်းရန် ဆော်ဩခဲ့သူမှာ အခြေခံလူတန်းစား ဘဝ တိုးတက်မြင့်မားရေးပါတီ ခေါင်းဆောင် မိုက်ကယ်ကျော်မြင့် ဖြစ်သည်။ မိုက်ကယ်ကျော်မြင့်သည် ၎င်း၏ လူမှုကွန်ယက်စာမျက်နှာမှ မကြာခဏ Liveလွှင့်ကာ နိုင်ငံရေးအကြောင်းများ ပြောဆိုလေ့ရှိပြီး သွေးသောက်အဖွဲ့ ထူထောင်ရန်လည်း စတင်ခဲ့သူ ဖြစ်သည်။ ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ နေပြည်တော်၊ တနင်္သာရီတိုင်းနှင့် စစ်ကိုင်းတိုင်းတို့မှ တပ်မ တော်ကို ချစ်မြတ်နိုးသူများအနေဖြင့် မိုက်ကယ်ကျော်မြင့် Viber သို့ ဆက်သွယ်ပြီး စတင်လှုပ်ရှားနိုင်ကြောင်း ၎င်း၏အကောင့်မှ စတင်ရေးသားခဲ့သည်။ ထို့ပြင်တပ်မတော်နှင့် လက်တွဲပြီး အကြမ်းဖက်များကို ဖော်ထုတ်ဖမ်းဆီးနှိမ်နင်းလိုသူ တပ်မတော်ချစ်သူများအနေဖြင့် ဒေသအလိုက် ဆက်သွယ်နိုင်ကြောင်း၊ နေစရိတ်စားစရိတ် တာဝန်ယူကြောင်းတို့ကို ပါထည့်သွင်းဖော်ပြခဲ့သည်။ ထိုသို့ ဖော်ပြချက်အား မေလအတွင်းမှာတင် ပြန်ဖျက်ခဲ့သည်။။

သွေးသောက်အဖွဲ့ဝင်တစ်ဦးဖြစ်သူသည် နိုင်ငံရေးမျိုးဆက်သစ် ဖေ့စ်ဘွတ်အကောင့်ဖြင့် သွေးသောက်အဖွဲ့ခေါင်းဆောင်မိုက်ကယ်ပြောပြီဆိုသော စာသားပါဓါတ်ပုံအား မိုက်ကယ်ကျော်မြင့်အကောင့်နှင့် တွဲတင်ခဲ့သည်။ သွေးသောက်အဖွဲ့၏ မန္တလေးခေါင်းဆောင်သည် မိုက်ကယ်ကျော်မြင့်ပါတီ၏ မန္တလေးတိုင်းဒေသကြီး တာဝန်ခံ မောင်ကျော်ထွဏ်းသိမ်းဖြစ်သည်။ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ဇီးကုန်းရပ်ကွက်တွင် မိုက်ကယ်ကျော်မြင့်ပါတီဖြစ်သော အခြေခံလူတန်းစား ဘဝတိုးတက်မြင့်မားရေး ပါတီရုံးခွဲဖွင့်ပွဲ အခမ်းအနားသို့ မိုက်ကယ်ကျော်မြင့်ကိုယ်စား မောင်ကျော်ထွဏ်းသိမ်းက တက်ရောက်ဖွင့်လှစ်ခဲ့သည်။ မောင်ကျော်ထွဏ်းသိမ်းသည် ဂိုဏ်ချုပ်အမည်ဖြင့် အကောင့်ဖွင့်ပြီး သွေးသောက်အဖွဲ့ လှုပ်ရှားမှုသတင်းများကို တင်သည်။

သွေးသောက်အဖွဲ့တွင် ပါဝင်သော ထင်ရှားသူနောက်တဦးမှာ ဦးချစ်ကိုဖြစ်သည်။ ဦးချစ်ကိုသည် စစ်တက္ကသိုလ်အပတ်စဉ် ၃၀ တက်ရောက်ခဲ့သူဖြစ်ပြီး ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် တပတ်စဉ်တည်းဖြစ်သည်။

ထို့နောက် မန္တလေးတိုင်းတွင် NLDပါတီဝင်အချို့အသတ်ခံရပြီး သွေးသောက်အဖွဲ့ အနီရောင်တံဆိပ်လည်ဆွဲကို ချိတ်ဆွဲခဲ့ကြသည်။ ထို့ပြင် ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်တွင် သရုပ်ဆောင်ဟိန်းထက်၏အဖိုးဖြစ်သူအား သွေးသောက်အဖွဲ့မှ သတ်ဖြတ်မှုမတိုင်ခင် ၂ ရက်အလိုတွင် “ရန်ကုန်မှာ ငှက်မွေးနှုတ်ပွဲနားစွင့်ပါ အမျိုးတို့” ဟုရေးသားပြီး သွေးသောက်အဖွဲ့မှစတင်လှုပ်ရှားခဲ့သည်။

စစ်အာဏာသိမ်းပြီး တစ်နှစ်ကျော်အကြာတွင် သွေးသောက်အဖွဲ့သည် အနီရောင်စစ်ဆင်ရေးဟုဆိုကာ ပြည်သူများကို ပစ်မှတ်ထားသတ်ဖြတ်သည့် ဖြစ်ရပ်များရှိလာခဲ့သည်။ ၎င်းတို့၏အဓိကပစ်မှတ်များ NLDပါတီဝင်များနှင့် ပါတီကိုထောက်ခံသူ၊ ဆက်စပ်သူများ၊ ပြည်သူ့ကာကွယ်ရေးတပ်(PDF)နှင့် ဆက်စပ်သူများ၊ သတင်းမီဒီယာများပါဝင်ခဲ့သည်။ သွေးသောက်အဖွဲ့၏ မန္တလေးတိုင်းတာဝန်ခံမှာ မိုက်ကယ်ကျော်မြင့်ပါတီ၏ မန္တလေးတိုင်းဒေသကြီး တာဝန်ခံ မောင်ကျော်ထွဏ်းသိမ်းဖြစ်သည်ဟု ဧရာဝတီသတင်းဌာနမှ ဖော်ပြချက်တွင် တွေ့ရှိရသည်။ မောင်ကျော်ထွဏ်းသိမ်းသည် ၎င်း၏ဖေ့စ်ဘွတ်အကောင့်တွင် သွေးသောက်အဖွဲ့လှုပ်ရှားမှု သတင်းများနှင့် တပ်ထောက်ခံပွဲသတင်းများကို အမြဲဖော်ပြလေ့ရှိသည်။

သွေးသောက်အဖွဲ့၏ တံဆိပ်မှာ ခါးနှစ်လက်ကိုင်ဆောင်လျက် ပေါင်တွင် ဆေးမင်ကြောင် ထိုးထားသည့် ရှေးခေတ်မြန်မာအမျိုးသားတစ်ဦး၏ ပုံကိုလည်း အဖွဲ့အမှတ်သင်္ကေတတစ်ခုအနေဖြင့် အသုံးပြုထားသည်။



သွေးသောက်အဖွဲ့မန္တလေးတံဆိပ်




သွေးသောက်အဖွဲ့ ရန်ကုန် တံဆိပ်




သွေးသောက်အဖွဲ့-ညောင်ဦး တံဆိပ်

သွေးသောက်အဖွဲ့သည် မန္တလေးတိုင်းတွင် အားကောင်းသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရပ်ကျေးဥက္ကဌ ဦးတင်နှင့်စိန်ဝင်းဝင်း လက်ဖက်ရည်ဆိုင်ပိုင်ရှင် ဦးခင်မောင်သိန်းနှင့် ဇနီးဒေါ်ခတို့အား သွေးသောက်အဖွဲ့မှ ဧပြီလ ၂၄ရက်နေ့တွင် လာရောက် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ဧပြီလ၂၅ရက်နေ့ နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ် NLDရုံးရှေ့တွင် သေဆုံးနေသည့် ဦးခင်မောင်သိန်း၏ ရုပ်အလောင်းနှင့် ဒဏ်ရာအပြင်းအထန်ရရှိထားသော ဒေါ်ခကို လာရောက်ပစ်ချသွားပြီး လည်ပင်းတွင် သွေးသောက်အဖွဲ့ဟူသော လည်ဆွဲကတ်ကို ချိတ်ပေးထားသည်။ ထို့ပြင်ဦးတင်၏ ရုပ်အလောင်းကိုလည်း ၁၉လမ်း တန်ဖိုးနည်းအိမ်ရာရှေ့တွင် ပစ်ချခဲ့ပြီး သွေးသောက်အဖွဲ့ဟူသော လည်ဆွဲကတ်ကို ချိတ်ဆွဲပေးခဲ့သည်။

MRTV-4 ရုပ်ရှင်ဇာတ်လမ်းတွဲများတွင် ပါဝင်ခဲ့သည့် သရုပ်ဆောင်ဟိန်းထက်သည် အာဏာသိမ်းပြီး နောက်ပိုင်းတွင် အာဏာသိမ်းမှုကိုဆန့်ကျင်ပြီး စစ်တပ်ကိုပြန်လည်ခုခံရန်အတွက် လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခဲ့သည်။ ဟိန်းထက်အားစစ်တပ်မှ ၅၀၅-က ဖြင့်တရားစွဲထားသည်။ ၂၀၂၂ခုနှစ် ဧပြီလ၂၁ရက်နေ့တွင် သွေးသောက်အဖွဲ့သည် သရုပ်ဆောင်ဟိန်းထက်၏ အဘိုးဖြစ်သူအားနေအိမ်တွင် သေနတ်ဖြင့်ပစ်သတ်ခဲ့ ကြသည်။

မန္တလေးတိုင်း ၊စဥ့်ကူမြို့နယ်၊ ရှောက်ပင်ရိုးကျေးရွာမြောက်ပိုင်း မန္တလေး-မိုးကုတ်လမ်းမဘေးတွင် ဖွင့် လှစ်ထားသည့် ထန်းရည်ဆိုင်ပိုင်ရှင်ဦးကျော်သိန်းအား သွေးသောက်အဖွဲ့မှ သေနတ်ဖြင့်ပစ်သတ်ခဲ့သည်။ ထို့ပြင် ခူလည်ကျေးရွာ အုပ်ချုပ်ရေးမှူးဟောင်းကိုလည်း ပစ်သတ်ခဲ့သည်။ ထိုသတ်ဖြတ်မှုကို လက်စားချေ တုံ့ပြန်သည့်အနေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု သွေးသောက်အဖွဲ့(စဥ့်ကူး)မှ ထုတ်ပြန်ခဲ့သည်။

ဧပြီလ ၂၉ရက်နေ့တွင် သွေးသောက်အဖွဲ့(စဥ့်ကူး)အဖွဲ့သည် စဥ့်ကူးမြို့နယ်ခူလယ်ကျေးရွာနေ ရပ်ကျေး ဥက္ကဋ္ဌဟောင်းဦးဆွေအား ဧည့်စာရင်းကင်းစစ်မည်ဟုဆိုကာ ပြည်သူ့စစ်အဖွဲ့ကွဟု ကြွေးကြော်ပြီး သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။ သွေးသောက်အဖွဲ့စဥ့်ကူးသည် ၎င်းတို့အဖွဲ့၏ လူမှုကွန်ယက်စာမျက်နှာမှ ဦးဆွေအား ပစ်သတ်မှုမှာ ယင်းတို့၏လုပ်ရပ်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ရောဝတီတိုင်း မအူပင်မြို့နယ် အမှတ် ၉ ရပ်ကွက်တွင် နေထိုင်သည့် ကိုဇော်ဝင်းမြင့်နေအိမ်အား ဆိုင်ကယ် ၂စီးဖြင့် လူ ၄ ယောက် ရောက်လာပြီး ဧည့်စာရင်းစစ်ရန် တံခါးဖွင့်ခိုင်းရာ တံခါးဖွင့်ပေးချိန်တွင် သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။ ဦးဇော်ဝင်းမြင့်၏ လက်မောင်းကိုသာ သေနတ်ထိမှန်ခဲ့ သည်။ ထို့နောက် ဦးဇော်ဝင်းမြင့်၏ နေအိမ်ရှေ့တွင် မအူပင်သွေးသောက် အဖွဲ့ဟူသည့် စာအားသတိပေး စာချသွားခဲ့သည်။ ထို့ပြင် မအူပင်မြို့နယ်ရှိ လွှတ်တော်ကိုယ်စားလှယ် ဒေါ်အိအိပြုံး နေအိမ်ရှေ့တွင်လည်း ဒေါ်အိအိပြုံး ၏ မိသားစုအားသတ်မည်ဟု ခြိမ်းခြောက် စာရေးသွားခဲ့သည်။ မေလ ၄ရက်နေ့တွင် မအူပင်မြို့နယ်ရှိ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးအိမ်ကို သွေးသောက်အဖွဲ့မှ မီးရှို့ခဲ့ရာအချိန်မှီ မီးငြိမ်းသတ်နိုင်ခဲ့ သည်။


(Photo Credit : Daw Ei Ei Pyone's FB)

၂၀၂၂ခုနှစ် မေလ၂ရက်နေ့တွင် မန္တလေးတိုင်း အမရပူရမြို့နယ် ရှမ်းကလေးကျွန်းကျေးရွာနှင့် မှန်းတန်းကွက်သစ် ကပ်ကျော်ဘုရားကြား တဘောင်လမ်းတွင် အမရပူရမြို့နယ် NLD စည်းရုံးရေးမှူး ဦးဇော်ကြီးအား သွေးသောက်အဖွဲ့မှ ဓားဖြင့်သတ်ဖြတ်ပြီး သွေးသောက်အဖွဲ့လည်ဆွဲကို ချိတ်ဆွဲပေးခဲ့သည်။

၂၀၂၂ခုနှစ် မေလ၅ရက်နေ့တွင် မန္တလေးတိုင်း ကျောက်ဆည်မြို့တွင် ရွှေကျောက်ဆည် လက်ဖက် ရည်ဆိုင်ပိုင်ရှင် ဦးတင်သိန်းနှင့် ကြိုးကြာနီလက်ဖက်ရည်ဆိုင်ပိုင်ရှင် ဦးညိုထွန်းဇေဦးတို့ကို အရပ်ဝတ် လက်နက်ကိုင် လူတစ်စုမှ လာရောက်ဖမ်းဆီးသွားပြီး ရန်ကုန်-မန္တလေးလမ်းဟောင်း တစ်နေရာတွင် သွေးသောက်အဖွဲ့လည်ဆွဲကတ်များ ဆွဲပေးကာ အလောင်းများကို လာရောက်စွန့်ပစ်ခဲ့ကြသည်။ လက်ဖက် ရည်ဆိုင်ပိုင်ရှင်၂ဦးမှာ NLD အစွန်းရောက် PDFထောက်ပို့များ ဖြစ်သောကြောင့် သတ်ဖြတ်ခြင်းဖြစ်ကြောင်း သွေးသောက်အဖွဲ့က ၎င်းတို့၏ Telegram လူမှုကွန်ယက်မှ ထုတ်ပြန်ခဲ့သည်။

မန္တလေးတိုင်း တံတားဦးလေဆိပ်တွင် လက်နောက်ပြန်ကြိုးတုပ်ပြီး သေနတ်ဖြင့်ပစ်သတ်ထားသည့် ပြည်သူနှစ်ဦး၏အလောင်းများကို သွေးသောက်တံဆိပ်လည်ဆွဲများ ချိတ်ဆွဲပေးကာလာရောက်ပစ်ခဲ့သည်။ သွေးသောက်အဖွဲ့သည် ၎င်းတို့၏ တယ်လီဂရမ်လူမှုကွန်ယက်တွင် တံတားဦး PDFများကို ရှင်းလင်းနိုင်ခဲ့သည်ဟု ထုတ်ပြန်ခဲ့သည်။

မေလ ၂၆ရက် ၂၀၂၂တွင် မန္တလေးတိုင်း၊ မဟာအောင်မြေမြို့နယ်၊ မဟာအရှေ့ရပ်ကွက်တွင် နေထိုင်သည့် အန်အယ်လ်ဒီပါတီ ထောက်ခံအားပေးသူ ကိုလင်းကိုနိုင်ရဲ့နေအိမ်သို့ သွေးသောက်အဖွဲ့မှ ကိုလင်းကိုနိုင်အား လာရောက်ရိုက်နှက်ဖမ်းဆီးခဲ့သည်။ ထိုသို့ဖမ်းဆီးခံရပြီး နောက်နေ့မနက်တွင် သေနတ်ဒဏ်ရာဖြင့် သေဆုံးနေသည့် ကိုလင်းကိုနိုင်၏ ရုပ်အလောင်းကို ၂၆လမ်း ၂၇လမ်းကြား ၅၄လမ်းဘေးတွင် လာရောက်စွန့်ပစ်ခဲ့သည်။

ဇူလိုင်လ(၈)ရက် ၂၀၂၂တွင် မန္တလေးတိုင်း၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ ၈၆လမ်း၊ ၄၁လမ်းနှင့် လမ်း ၄၀ ကြားရှိ အထက (၈)ကျောင်းရှေ့တွင် ကျောင်းသားတစ်ဦး အသတ်ခံရပြီး အလောင်းအား လာရောက်စွန့်ပစ်ခဲ့သည်။ သေဆုံးသူဘေးတွင် သွေးသောက်တံဆိပ်ကို ထားရှိခဲ့သည်။



သွေးသောက်အဖွဲ့တံဆိပ်နှင့် အသတ်ခံရသည့်ပုံ *(Photo Credit : DVB)*



သွေးသောက်အဖွဲ့ထုတ်ပြန်ချက် (Crd: C8News)




သွေးသောက်အဖွဲ့ မန္တလေးထုတ်ပြန်ချက်




မိုက်ကယ်ကျော်မြင့်တင်ထားသည့်ပို့စ်




သေဆုံးသူတွေရဲ့လည်ပင်းမှာတွေ့ရတဲ့ သွေးသောက်အဖွဲ့တံဆိပ်ပါလည်ဆွဲ  *(Crd: Khit Thit Media)*

၂၀၂၂ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ်၊ စစ်ကိုင်း-မန္တလေး ကားလမ်း ရောဝတီမြစ်တာရိုး၊ တံတားဖြူရေထိန်းတံတားအနီး ကားလမ်းဘေးတွင် အသက် ၃၀ ဝန်းကျင် လူငယ် ၃ဦး၏ ရုပ်အလောင်းများကို တွေ့ရှိရသည်။ ထိုလူငယ် ၃ ဦးမှာ လည်လှီးသတ်ခံထားရပြီး စွန့်ပစ်ခြင်းကို ခံရကာ ရုပ်အလောင်းများတွင် သွေးသောက်စာသားပါ ကတ်ပြားများကို ချိတ်ဆွဲထားသည်ကို တွေ့ရှိရသည်။



သွေးသောက်အဖွဲ့လည်ဆွဲနှင့် အသတ်ခံရသည့် လူငယ်၃ဦးရုပ်အလောင်းများ *(Photo Credit : Myanmar Now)*

၂၀၂၂ခုနှစ် အောက်တိုဘာလ ၃ရက်နေ့ မန္တလေးတိုင်း၊ နွားထိုးကြီးမြို့နယ်တွင် ယူနီဖောင်းဝတ် စစ်ကောင်စီတပ်သားများ၏ ဖမ်းဆီးခြင်းကိုခံရသည့် ဒေသခံ ၅ဦးအား အောက်တိုဘာလ ၄ ရက်နေ့တွင် သွေးသောက်အဖွဲ့လည်ဆွဲများဖြင့် သေဆုံးလျက် စွန့်ပစ်ထားခြင်းကို တွေ့ရှိခဲ့ရသည်။ နွားထိုးကြီးမြို့ အနောက်ဘက် ဇရပ်တခုအနီးတွင် ရုပ်အလောင်း ၁လောင်းနှင့် နွားထိုးကြီး-မြစ်သားလမ်းပေါ်ရှိ ထွန်းဂွရွာ လမ်းဆုံတွင် ၄လောင်းတွေ့ရှိခဲ့ခြင်းဖြစ်သည်။ အလောင်းများတွင် ကျောက်ပန်းတောင်း သွေးသောက်အဖွဲ့ဟုပါသည့် ကပ်ပြားများကို ချိတ်ဆွဲထားပြီး ဓားဖြင့် လည်ပင်းများကို လှီးဖြတ်သတ်ထားသည်။ အသတ်ခံရသူများမှာ နွားထိုးကြီးမြို့မှ အသက် ၅၅နှစ်အရွယ် ဦးကျော်ဆန်း၊ အသက် ၅၆နှစ်အရွယ် ဦးလှစိုး၊ အသက် ၄၇ နှစ်အရွယ်

ဦးသိန်းလွင်နှင့် ထန်းဝွရွာသားများဖြစ်သည့် ၄၂နှစ် အရွယ် ဦးကျော်မင်းနှင့် ၃၈နှစ် အရွယ် ဦးဇင်မင်းတို့ ဖြစ်သည်။

၂၀၂၃ ခုနှစ် ဧပြီလ ၂၃ ရက်နေ့တွင် မန္တလေးမြို့မြောက်ဘက် မတ္တရာမြို့နယ်တွင် စစ်တပ်က ဖမ်းဆီးထားသည့် ဒေသကာကွယ်ရေးအဖွဲ့တစ်ဦးအလောင်းကို သွေးသောက်လည်ဆွဲ ချိတ်ဆွဲထားလျက်တွေ သေနတ်ဖြင့် ပစ်သတ်ထားပြီး စွန့်ပစ်ထားသည်ကိုတွေ့ရှိခဲ့ရသည်။ ကိုဖိုးထောင်သည် ဧပြီလ ၈ရက်နေ့တွင် မတ္တရာမြို့နယ် အရှေ့ခြမ်း အောင်သပြေကျေးရွာရှိ အယ်လ်ဖာဘိလပ်မြေစက်ရုံနှင့် မန္တလေး-မိုးကုတ်ကားလမ်းကို ဆက်သွယ်ထားသည့် လမ်းပိုင်းအနီး မိုင်းထောင်နေစဉ် စစ်တပ်၏ဖမ်းဆီးခြင်းကို ခံခဲ့ရခြင်းဖြစ်သည်။


ကိုဖိုးထောင်၏ အလောင်းတွင်တွေ့ရသည့် သွေးသောက်တံဆိပ်


သွေးသောက်တံဆိပ်နှင့် အသတ်ခံထားရသည့် ကိုဖိုးထောင်အလောင်း (Crd: Myanmar Now)


သွေးသောက်အဖွဲ့ဝင်တဦးအား ပြည်သူ့ကာကွယ်ရေးအဖွဲ့မှဖမ်းဆီးစဉ် သိမ်းဆည်းရမိသည့် ပြည်ခိုင်ဖြိုးနှင့်ဆက်စပ်သည့် အထောက်အထားများ (ဓါတ်ပုံ - မြန်နွှာ စစ်ဆင်ရေး)

## ၆။ စည်းရုံးရေးနှင့်သင်တန်းများ

လူထုတော်လှန်ရေး အားကောင်းလာသည်နှင့်အမျှ စကစ သည် စည်းရုံးရေးအတွက် အခက်အခဲများ ကြုံတွေ့နေရသည်။ သို့သော်လည်း စကစ သည် မဟာဗမာဝါဒ ရိုက်သွင်းထားသော ၎င်းတို့အင်အားစုများကို ငွေကြေးထောက်ပံ့ခြင်းအားဖြင့်လည်းကောင်း၊ တိုင်းပြည်နှင့် အမျိုးဘာသာသာသနာ ကာကွယ်ရန်အတွက် စသည့် နည်းလမ်းပေါင်းစုံဖြင့် proxy အဖွဲ့များအတွက် စည်းရုံးမှုများ ပြုလုပ်သည်။

*၂၀၂၃ မှာ ပျူစောထီးတွေကို ပြည်သူ့စစ်ဆိုပြီး ပြန်လုပ်လာတယ်။ စစ်ရှိန်တက်လာတော့ စကစ က စစ်သားအင်အားနည်းလာလို့ ပျူစောထီးတွေကို ပြန်ပွဲထုတ်လာခဲ့တယ်။*

ဟု စစ်ကိုင်းမြို့ခံတဦးက သုံးသပ်ပြောဆိုသည်။ သာယာဝတီခရိုင်တွင် ပျူစောထီးများကို စစ်သင်တန်း ပေးရန် စည်းရုံးလုပ်ဆောင်မှုများနှင့် ပတ်သက်ပြီး ဒီမိုကရေစီအရေး တက်ကြွလှုပ်ရှားသူတဦးက ပြောပြသည်။

တိုက်ကြီးမြို့နယ်အတွင်းရှိ ပဲခူးရိုးမတောင်ခြေတွင် ၂၀၂၁ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် ပျူစောထီး သင်တန်းပေးခဲ့သည်။ သင်တန်းပေးသည့်နေရာသည် တိုက်ကြီးမြို့နယ် ကျားချောင်းရွာနှင့် ကွမ်းသီး မြောင်ရွာအကြား အမြောက်တပ် လေ့ကျင့်ရေး တပ်ပိုင်နယ်မြေတွင်ဖြစ်သည်။ ထိုသင်တန်းသည် ၅ကြိမ် မြောက် သင်တန်းဖြစ်သည်ဟု သင်တန်းတက်ရောက်သူတစ်ဦးမှ BBC အားဖြေကြားခဲ့သည်။

ရောဝတီတိုင်း၊ ဝါးခယ်မမြို့တွင် စစ်ကောင်စီမှပြည်သူ့စစ်ဖွဲ့စည်းရန် ကျေးရွာတစ်ရွာလျှင် လူ ၂၀နှုန်း ပေးရန် ကျေးရွာအုပ်ချုပ်ရေးမှူးများထံမှ တောင်းခဲ့သည်။ ထိုသို့စရင်းကောက်ယူမှုကိုမြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူးမှ ကွင်းဆင်းပြီး ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရင်းကောက်ခဲ့သည်။ ထိုစာရင်းများကို စစ်တပ်မှတပတ် စစ်သင်တန်းပို့ချခြင်းဖြစ်သည်။ ထို့ပြင် မန္တလေးတိုင်းအတွင်းရှိ ကျေးရွာအချို့တွင်လည်း အခြေခံစစ်ပညာနှင့် လက်နက်ငယ်ကိုင်တွယ် အသုံးပြုပုံကို စစ်တပ်က သင်ကြားပေးကြောင်းကိုလည်း မဘသ အဖွဲ့မှ နောင်တော်လေး ဦးဆောင်သည့် Myanmar National Post တွင် ရေးသားခဲ့သည်။

ရောဝတီတိုင်း ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF)များကို ကာကွယ်နိုင်ရေးအတွက် စစ်ကောင်စီ သည်။ မြို့နယ်အလိုက် ပြည်သူ့စစ်တပ်ဖွဲ့များကို ဖွဲ့စည်းခဲ့သည်။ ဒေသခံလူငယ်များနှင့် အရံမီးသတ်တပ်ဖွဲ့ ဝင်များကို စည်းရုံးကာ ရပ်ကွက် ၁ခုလျှင် အနည်းဆုံး ၁၀ဦးဖြင့် ပြည်သူ့စစ်များကို ဖွဲ့စည်းခဲ့သည်။ ပြည်သူ့စစ် များ၏ တပ်ခွဲရုံးများကို ကျေးရွာအလိုက် အုပ်ချုပ်ရေးမှူးရုံးများတွင် ဖွင့်လှစ်ပေးထားသည်။ လမ်းပန်း ဆက်သွယ်ရေး ခက်ခဲသည့် ဒေသများတွင် **အမျိုးသားရေးအစ YMBAက၊ YMBA မှန်သမျှ ဌာနေ ပြည်သူ့စစ်ကို ဝင်ရောက်ကြ** စသည့် ပြောဆိုစည်းရုံးမှုများ ပြုလုပ်ခဲ့ကြသည်။

"
၂၀၂၃ မှာ ပျူစောထီးတွေကို ပြည်သူ့စစ်ဆိုပြီး ပြန်လုပ်လာတယ်။ စစ်ရှိန်တက်လာတော့ စကစ က စစ်သားအင်အားနည်းလာလို့ ပျူစောထီးတွေကို ပြန်ပွဲထုတ်လာခဲ့တယ်။
"



ဧရာဝတီတိုင်းမှ ပြည်သူ့စစ်အဖွဲ့ဝင်များပုံ *(Photo Credit : Mizzima)*



ဧရာဝတီတိုင်း၊ မော်လမြိုင်ကျွန်းမှ ပြည်သူ့စစ်များပုံ (*Credit : Mizzima)*

ဧရာဝတီတိုင်း မအူပင်မြို့နယ် ပြည်သူ့စစ်အဖွဲ့များဖွဲ့စည်းရန် ကျေးရွာအုပ်ချုပ်ရေးမှူးများကို စစ်ကောင်စီခန့်အုပ်ချုပ်ရေးမှူးဝင်းနိုင်(ခေါ်)ဂဠုန်ဆိုသူအား ခိုင်းစေခဲ့သည်။ ထို့ပြင်မော်လမြိုင်ကျွန်းနှင့် လပွတ္တာမြို့နယ်အတွင်းရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများကိုလည်း ပြည်သူ့စစ်ဖွဲ့စည်းရန် စစ်ကောင်စီမှ ညွှန်ကြား ခဲ့သည်။

စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊မှော်တောရွာ ဘုန်းကြီးကျောင်းတွင် ကျောင်းထိုင်ဘုန်းကြီးဖြစ်သူ ဦးဝါသဝသည် အင်အား၅ဂကျော်ခန့်ရှိ လက်နက်ကိုင်တဖွဲ့ကို စစ်ထွက်မိန့်ခွန်း ဆန်ဆန်ပြောဆိုနေသည့် videoတခုကို စစ်တပ်အားပေးသည့် မီဒီယာတစ်ခုမှ လူမှုကွန်ယက်တွင် ဆက်တိုက်တင်ပေးခဲ့သည်။ ထိုမိန့်ခွန်းတွင်

“စစ်ရေးစစ်ရာနဲ့ပတ်သက်လို့ ပြည်သူ့စစ်နဲ့ပတ်သက်လို့ လက်နက်ကိစ္စနဲ့ပတ်သက်လို့ ဒီဘက်မှာဆရာတော် တို့လက်နက်တွေ အကုန်ထုတ်ပေးထားတယ်။ ကျည်ဆန်တွေရော...”ဟု ထည့်သွင်းပြောကြားခဲ့သည်။ ထို့နောက် “PDF” များကို တန်ပြန်တိုက်ခိုက်ရန် စစ်တပ်အကူအညီဖြင့် ၎င်းကိုယ်တိုင်ဦးစီး၍ ပြည်သူ့စစ်များကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ လက်နက်တပ်ဆင်ပေးခြင်းဖြစ်ကြောင်း ထည့်သွင်းပြောဆိုခဲ့သည်။

ဦးဝါသဝသည် ဒေသခံများအကြား မဘသဆရာတော်တစ်ပါးအဖြစ် လူသိများပြီးလွန်ခဲ့သည့် ၅နှစ်ဝန်းကျင်မှစပြီး ဓမ္မစကူးလ်ယဉ်ကျေးလိမ္မာ သင်တန်းများစတင်ဖွင့်လှစ်ခဲ့သူဖြစ်သည်။ ထို့ပြင် ဦးဝါသဝ သည် PDFထောက်ခံသောရွာများကို မြန်မာပြည်မြေပုံမှ ဖယ်ရှားရမည်ဆိုသော ခြိမ်းခြောက်ပြောဆိုသည့် ရုပ်သံဖိုင်ကို လူမှုကွန်ယက်တွင်ပျံ့နှံ့ခဲ့သည်။

ဦးဝါသဝသည် ရပ်ရွာကာကွယ်ရေးဟုအကြောင်းပြကာ ပြည်သူ့စစ်သင်တန်းတက်ရောက်ရန် ကျေးရွာများကို လိုက်လံဟောပြောလျက်ရှိသည်။ ကန့်ဘလူမြို့နယ် အင်ဘတ်ကျေးရွာ၌ ပြည်သူများအား ပြည်သူ့စစ်သင်တန်းတက်ရောက်ရန် စာရင်းပေးကြပါရန်နှင့် မတက်ရောက်ပါက အကြမ်းဖက်အဖွဲ့ဘက်က နေချင်တာဟု ခြိမ်းခြောက်ဟောပြောမှုကို ရွာသူရွာသား ၁ဂဂနီးပါးအား ဟောပြောခဲ့သည်။ ထို့ပြင်ကျောင်းများ ဖွင့်ကြရန်၊ ပြည်သူ့စစ်သင်တန်းများတက်ကြရန်နှင့် လက်နက်ကို တရားဝင်တပ်ဆင်ပေးမည်ဖြစ်ကြောင်းနှင့် ဥပဒေအတွင်းမှကိုယ့်ရွာကို ကာကွယ်ရန်ဟု ထည့်သွင်းဟောပြောခဲ့သည်။ ထိုဟောပြောပွဲကို လက်နက်ကိုင် စစ်သားများက လုံခြုံရေးယူပေးခဲ့သည်။



ဦးဝါသဝ ဟောပြောနေသည့်ပုံ *(Photo Credit : Myanmar National Post)*

တန့်ဆည်မြို့နယ်နှင့် ကန့်ဘလူမြို့နယ်ကြား မူးမြစ်တစ်ဝိုက်ရှိ ကျွန်းလည်ရွာ၊ မူးတိမ်၊ မူးခွ၊ ဘေရင်း၊ မော်တောရွာ၊ ကောက္ကရှပ်စသည့်ရွာများ ၊ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည် အရှေ့ဘက်ခြမ်းရှိ သံဘို၊ ဘိုကုန်း၊ တကုန်း၊ ကုက္ကိုကုန်းတို့မှာ ပျူစောထီးအားကောင်းရာ နေရာများဖြစ်သည်။ ကန့်ဘလူ၊ကျွန်းလှ၊ တန့်ဆည် စသည့်မြို့နယ် သုံးခုတွင် ပြည်သူစစ်အင်အား ၄၀၀၀ ဝန်းကျင်ရှိကြောင်းဦး ဝါသဝမှတရားဝင် ထုတ်ဖော် ပြောကြားခဲ့သည်။



ဦးဝါသဝက စစ်ကိုင်းတိုင်းတွင် ပျူစောထီးများကို ဟောပြောနေပုံ *(Photo Credit : Myanmar National Post)*

ပဲခူးတိုင်း ရွှေကျင်မြို့နယ်ရှိ ကျေးရွာများတွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များက ပြည်သူ့စစ်အင်အား အတွက် အဓမ္မလိုက်လံစုဆောင်းမှုများရှိသည်။ ကျေးရွာတစ်အုပ်စုလျှင် ပြည်သူ့စစ်အင်အား ၃၀ လိုက်လံ စုဆောင်းပြီး မပေးနိုင်ပါက လူငှားထည့်ရန် ငွေကြေးပေးရမည်ဟု ခြိမ်းခြောက်မှုများရှိခဲ့သည်။ ကွင်းဆိပ် ကျေးရွာ၊ ဒုံဇရစ် ကျေးရွာ၊ အနောက်ဘက် ကျေးရွာ၊ တံခွန်တိုင်ကျေးရွာနှင့် ဝင်းခနိမ်ကျေးရွာတို့တွင် လိုက်လံ စုဆောင်းနေသည်။ ပြည်သူ့စစ်အင်အား မပေးနိုင်ပါက လူငှားထည့်ရန် လူတစ်ဦးကို တသိန်းငှားခပေးရသည်။

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်အတွင်းရှိ ကျေးရွာများတွင် စစ်ကောင်စီမှ ဓနုတပ်(Danu Army)ဖွဲ့ရန်ဒေသခံများအား စည်းရုံးမှုများ ပြုလုပ်ခဲ့သည်။ ရွာငံမြို့နယ် အတွင်းရှိ ကျေးရွာများတွင် တရွာကိုအနည်းဆုံး ၁၃ ယောက်ပါဝင်ရမည်ဟု စစ်ကောင်စီခန့်အုပ်ချုပ်ရေးမှူးများမှ စည်းရုံးကြသည်။ ဓနုတပ်ဖွဲ့စည်းရန်အတွက် ဓနုတိုင်းရင်းသား လူမျိုးများဒီမိုကရေစီပါတီ(DNDP) ထိပ်တန်း ခေါင်းဆောင်တချို့၊ ဒေသခံစီးပွားရေးသမား တချို့တို့ပါဝင်ပြီး PNOအဖွဲ့က ကူညီပေးသည်။

စစ်ကောင်စီသည် ၂၀၂၂ခုနှစ် ဩဂုတ်လတွင် လယ်ဝေးမြို့နယ် ရေအိုးစင်ရွာသို့ သွားရောက်ပြီး ရွာအုပ်ချုပ်ရေးပိုင်းများနှင့် ဘုန်းကြီးကျောင်းတွင် တွေ့ဆုံကာ ပြည်သူ့လုံခြုံရေးဟု အမည်ပေးထားသည့် အဖွဲ့တစ်ခုကိုဖွဲ့စည်းခဲ့သည်။ ထိုတွေ့ဆုံမှုတွင် ရွာသားများအား တစ်အိမ်တယောက် မဖြစ်မနေ တက်ရောက် ရမည်ဟုဆိုကာ ပြုလုပ်ပြီး အုပ်ချုပ်ရေးမှူးနှင့် ၎င်းအား ထောက်ခံသူများဖြင့်ဖွဲ့စည်းခဲ့သည်။ ရေအိုးစင်ရွာရှိ ပရိယတ္တိစာသင်တိုက်ဆရာတော် ဦးသုဇနမှာ လယ်ဝေးမြို့နယ် မဘသ ဥက္ကဋ္ဌဖြစ်ပြီး အမျိုးသားရေးအစွန်း ရောက်ဆရာ ဦးဝီရသူမှဖော်ပြဖူးသည်။

> “ စစ်ရေးစစ်ရာနဲ့ ပတ်သက်လို့
> ပြည်သူ့စစ်နဲ့ ပတ်သက်လို့
> လက်နက်ကိစ္စနဲ့ ပတ်သက်လို့
> ဒီဘက်မှာ ဆရာတော်တို့ လက်နက်တွေ
> အရန်ထုတ်ပေးထားတယ်။ ကျည်ဆန်
> တွေရော ... ”
>
> ( ပျူစောထီးခေါင်းဆောင် ဦးဝါသဝ )

ထို့ပြင် ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရွေးခံသည့် မဲဆန္ဒနယ်ဖြစ်သည့် ဒက္ခိဏသီရိမြို့နယ်တွင် အနိုင်ရရှိခဲ့သော်လည်းရန် အောင်မြင်ကျေးရွာ တွင် ကြံ့ခိုင်ရေးအမတ်လောင်းကို ရှုံးနိမ့်ခဲ့သည်။ ရန်အောင်မြင်ကျေးရွာတွင်လည်း ပျူစောထီး အဖွဲ့ကိုစစ်တပ်မှ ဖွဲ့စည်းထားပြီးဖြစ်သည်။

မကွေးတိုင်း ပေါက်မြို့နယ် ယာကြီး ပြင်ရွာ မြောက်ပိုင်းတွင် ပြည်သူ့စစ် သင်တန်း ဖွင့်ပြီး ရွာဆယ် အိမ်ခေါင်းများက တက်ရောက် ကြရသည်။ ထိုသင်တန်းကို မတက်ရောက်သည့် သူများအတွက် မိသားစုဝင်များက တဦးလျှင် ၅သိန်းနှုန်း ပေးရသည်။ ထိုသင်တန်းကို ဘုန်းကြီး ကျောင်းဝန်းအတွင်း ပြုလုပ်ပြီး ပေါက်မြို့နယ် အခြေစိုက် ကာကွယ်ရေးပစ္စည်းစက်ရုံ အမှတ် ၂၄ မှ ဦးဆောင် သင်ကြားပေးသည်။

ရှမ်းပြည်နယ်တွင် ထူထောင်ထားသည့် အမျိုးသားလုံခြုံရေးလူမှုကွန်ရက် NSS သည် တပ်မတော် ထောက်ခံရေးနှင့် ၂၀၀၈အခြေခံဥပဒေ ထောက်ခံရေးများကို ဆောင်ရွက်လေ့ရှိသည့်အဖွဲ့ဖြစ်သည်။ NSS နှင့်

ပျူစောထီး ပူးပေါင်းထားကြောင်း NSSအဖွဲ့ဝင်များ၏ လူမှုကွန်ယက်စာမျက်နှာတွင် အစည်းအဝေးလုပ်နေကြသည့် ဓါတ်ပုံများကိုဖော်ပြထားသည်။

## ၇။ စစ်ကိုင်းတိုင်းတွင် ပျူစောထီး၊ ပြည်သူ့စစ်အဖွဲ့များဖွဲ့စည်းနိုင်ရေး လိုက်လံစည်းရုံးနေသည့် မဘသဘုန်းကြီးများ

### ၇.၁။ ဝါသဝ

ဝါသဝအား ပစ္စတိုလွယ်ဘုန်းကြီးဟုလည်း ခေါ်ဝေါ်ကြသည်။ ဖေဖော်ဝါရီလ ၂၇ရက်နေ့ တန့်ဆည်မြို့နယ်၊ ရတနာကံမြင့်ထယ်ကျောင်းတိုက်သို့ ပစ္စတိုလွယ်ကာဝင်ရောက်ခဲ့သည်။ မဘသ ဘုန်းကြီး ဖြစ်သည်။ ကန့်ဘလူမြို့နယ် မော်တော်ရွာ ကျောင်းထိုင်ဘုန်းကြီးဖြစ်သည်။ အမျိုးသားရေး တက်ကြွလှုပ်ရှားသူဖြစ်သည်။ ဓမ္မစကူးလ်ဖောင်ဒေး ရှင်းကိုတက်တက်ကြွကြွ ဆောင်ရွက်ပြီး ငါးရာငါးဆယ်ဆရာတော်အဖြစ် အမည်ခံပြီး လူငယ်များနှင့် ကလေးများကို ဘာသာရေးသင်တန်းပေးသည်။ ငါးရာ့ငါးဆယ်ဆရာတော်ဟုခေါ်တွင်ခြင်းအကြောင်းမှာ ၎င်းကျောင်းထိုင်သည့် ကျေးရွာတွင် အစ္စလာမ်ဘာသာဝင် အိမ်ခြေ(၅၀၀)ကျော်နှင့် ဗုဒ္ဓဘာသာဝင်အိမ်ခြေ(၅၀) ရှိသောကြောင့် ၅၅၀ ဆရာတော်ဟု ခေါ်ဝေါ်ကြသည်။ ဘာသာရေးအစွန်းရောက် ဦးဆောင်သူ ဦးဝီရသူနှင့် ချိတ်ဆက်ပြီး ဘုန်းကြီးဦးဆောင်သည့် လက်နက်ကိုင်တပ်ဖွဲ့ဖွဲ့စည်းရေးကို ဆောင်ရွက်လာသူဖြစ်သည်။ ကျေးရွာအသီးသီးရှိ ပြည်သူ့စစ်သင်တန်းဆင်းပွဲများကို ကိုယ်တိုင်တက်ရောက်လေ့ရှိသည်။ ဦးဝါသသည် ကန့်ဘလူမြို့နယ်၊ စံပယ်နံ့သာ၊ နတ်အင်း၊ နတ်ပေး၊ ဆိပ်ဖြူးမြောင်၊ မော်တော်၊ မြေထူး၊ လိပ်ထူး၊ ထန်းကုန်း၊ ကျွန်းလှ၊ ဇီးကုန်း စသည့်ဒေသများတွင် ပျူစောထီးအဖွဲ့ များကို ဦးဆောင်ဖွဲ့စည်းပေးသည်။ ပျူစောထီးများစုဆောင်းထားပြီး စပါးတစ်ကေ စိုက်လျှင် အခွန်အဖြစ် ၁၀တင်း ဝါသဝထံ ပေးသွင်းရသည်။



ဦးဝါသဝ  (Photo Credit : Khit Thit Media)

## ၇.၂။ ပဏ္ဍိတ-တက်ခေတ်ဗန်းမော် (ကျောက်ဆည်)

ပဏ္ဍိတ-တက်ခေတ်ဗန်းမော်(ကျောက်ဆည်)သည် အမျိုးသားရေးအစွန်းရောက်ဝီရသူ၏ တပည့်ရင်း ဖြစ်ပြီး မဘသလုပ်ငန်းများကို ဦးဆောင်လုပ်ကိုင်နေသည့် လက်နက်ကိုင်ဆောင်ထားသော ဘုန်းကြီး တစ်ပါး ဖြစ်သည်။ ဝီရသူနှင့်ပူးပေါင်းပြီး ကျေးရွာအခြေပြု ပြည်သူ့စစ်ပေါ်ပေါက်ရေးကို ရှေ့တန်းမှ ဆောင်ရွက်နေသူ တဦး ဖြစ်သည်။



ပဏ္ဍိတ-တက်ခေတ်ဗန်းမော်(ကျောက်ဆည်) *(Photo Credit : Khit Thit Media)*

## ၇.၃။ ဝီရရာဇာ

ဝီရရာဇာသည် မန္တလေးမြို့၊ တမ္ဗဝတီရပ်မှ အမျိုးသားရေးအစွန်းရောက် ဘုန်းကြီးဖြစ်သည်။ ဝီရသူအား အမာခံထောက်ခံသူဖြစ်ပြီး လက်နက်အပြင် ကျည်ပါလွယ်ထားသည့် ဘုန်းကြီးဖြစ်သည်။ မဘသ အဖွဲ့၏ ပြန်ကြားရေးတာဝန်ယူထားပြီး မဟော်သဓာကျောင်းပေါ်ပေါက်ရေးကို ဦးဆောင်ခဲ့သည့် ဘုန်းကြီး ဖြစ်သည်။



ဝီရရာဇာ *(Photo Credit : Khit Thit Media)*

## ၈။ စစ်ကောင်စီနှင့် ပြည်သူ့စစ်အဖွဲ့များ၏ ဆက်နွယ်မှု

ပြည်သူ့စစ်ဆိုသည်မှာ လက်နက်ကိုင်တိုက်ပွဲဝင်သူများ၏ အဖွဲ့ဖြစ်ပြီးများသောအားဖြင့် သီးခြားတိုင်းရင်းသား၊ ကိုးကယ်မှုဆိုင်ရာ၊ မျိုးနွယ်စုဆိုင်ရာ၊ လူအုပ်စုသို့မဟုတ် အခြားလူမျိုးအုပ်စု သို့မဟုတ် နိုင်ငံရေးပါတီများကို ကိုယ်စားပြုသည်။ ပြည်သူ့စစ်အဖွဲ့များသည် အစိုးရကိုတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တာဝန်ထမ်းရွက်ပေးကြပြီး အခြားပြည်သူ့စစ်များသို့မဟုတ် စစ်တပ်ဆန့်ကျင်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို တိုက်ခိုက်ရန်လှုပ်ရှားကြသည်။ အစိုးရနှင့်မဟာမိတ်ဖွဲ့ထားသော ပြည်သူ့စစ်အဖွဲ့များသည် တပ်မတော်၏ အမျိုးသားလုံခြုံရေးစီမံချက်များတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသည်။

စစ်တပ်၏မဟာမိတ် ပြည်သူ့စစ်အဖွဲ့များသည် တပ်မတော်အတွက် သွယ်ဝိုက်သောအကူအညီများကိုလည်းပေးကြသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များကို စောင့်ကြည့်ခြင်း၊ အန္တရာယ်ဖြစ်နိုင်ချေရှိသည့်သတင်းအချက်အလက်များ စုဆောင်းပေးခြင်း၊ နယ်မြေခံစစ်တပ်တပ်ရင်းများထံ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ တည်ရှိနေမှုများအား သတင်းပေးခြင်း၊ နယ်မြေမကျွမ်းသော စစ်တပ်အားလမ်းပြပေးခြင်းတို့ကိုဆောင်ရွက်ပေးသည်။

ဒေသအသီးသီးတွင် လက်နက်ကိုင်ခွင့်ရရှိထားသည့်အဖွဲ့များတွင် အင်အားအမျိုးမျိုးရှိသော ပြည်သူ့စစ်အဖွဲ့များပါဝင်သည်။ စစ်တပ်က လက်နက်တပ်ဆင်ပေးထားသော ပြည်သူ့စစ်အဖွဲ့ဝင်ပေါင်း(၈)သောင်းကျော်ရှိကြောင်း အေးရှားဖောင်ဒေးရှင်းမှထုတ်ဝေသည့် ဝါရှင်တန်တက္ကသိုလ်၊ နိုင်ငံရေးသိပ္ပံဌာန ပါရဂူဘွဲ့တန်းကျောင်းသား ဂျွန်ဗျူခန်နန်(John Buchannan)ရေးသားသည့် “ မြန်မာနိုင်ငံမှ ပြည်သူ့စစ်အဖွဲ့ အစည်းများ ” သုတေသန စာတမ်းတွင်တွေ့ရသည်။

ပြည်သူ့စစ်မဟာဗျူဟာ၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် စစ်တပ်က ပြည်သူ့စစ်အဖွဲ့များကိုဖွဲ့စည်းလေ့ကျင့်၊ လက်နက်တပ်ဆင်ပေးထားသည်ဟု ကာကွယ်ရေးဒုဝန်ကြီးဗိုလ်ချုပ်မြင့်နွယ်က ၂၀၁၉ခုနှစ် စက်တင်ဘာလ ၁၁ရက် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ရှင်းပြခဲ့သည်။

### ၈.၁။ မတ်ကျန်းပြည်သူ့စစ်

တောင်ကြီးမြို့အခြေစိုက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်(ရတခ)မှ လက်နက်အပြည့်အစုံဖြင့် စစ်ကား(၇)စီးသည် ၂၀၂၁ခုနှစ် ဩဂုတ်လ၇ရက်နေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့ရှိ မတ်ကျန်းပြည်သူ့စစ်ဌာနချုပ်သို့ ရောက်ရှိခဲ့ပြီး ရှမ်းပြည်နယ်တောင်ပိုင်း PDFများအား နှိမ်နင်းရန် စစ်ကူတောင်းခဲ့သည်။အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြည်သူ့စစ်ခေါင်းဆောင် ဦးလင်စိန်နှင့်တွေ့ဆုံပြီး စစ်ကူတောင်းခဲ့ခြင်းဖြစ်သည်။ စစ်ကူအင်အားအတိအကျကို မသိရသော်လည်း အသင့်အနေအထား ပြင်ဆင်ထားရန် ပြောကြားခဲ့သည်။ ရှမ်းပြည်နယ်နမ့်စန်ဒေသတွင် လက်နက်ကိုင်အဖွဲ့များသည် စစ်ကောင်စီလက်အောက်ခံများဖြစ်ကြသည်။ ရှမ်းပြည်နယ်တွင် စစ်ကောင်စီလက်အောက်ခံ ဌာနေပြည်သူ့စစ်အဖွဲ့အမြောက်အမြားရှိပြီး မူးယစ်ဆေးနှင့် လောင်းကစားအပါအဝင်အခြား စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ကြသည်။



မတ်ကျန်းပြည်သူ့စစ် ဗိုလ်မှူးခမ်းအောင် *(Photo Credit : BBC / Than Soe Aung's FB)*

## ၈.၂။ ရှူဒူးဇွပ်ပြည်သူ့စစ်

၂၀၂၁ခုနှစ် ဇူလိုင်လ ၁၈ရက်နေ့မနက်ပိုင်းတွင် ရှူဒူးဇွပ်ပြည်သူ့စစ်အဖွဲ့က ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး KIA တပ်တပ်မဟာ(၂)လက်အောက်ခံတပ်ရင်း(၁၄)မှ တပ်ဖွဲ့ဝင်၂ဦး ကျဆုံးခဲ့သည်။ အဆိုပါစခန်းကို ရှူဒူးဇွပ်ပြည်သူ့စစ်အဖွဲ့ခေါင်းဆောင်ဖြစ်သူ မင်းဇင်သန့်ဦးစီးပြီး သွားရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ရှူဒူးဇွပ်ပြည်သူ့စစ်အဖွဲ့သည် တနိုင်းမြို့နယ်၊ ဝါရာဇွပ်ကျေးရွာအုပ်စုစံပြကျေးရွာတွင် တပ်စွဲထားပြီး ရှူဒူးဇွပ် အခြေစိုက် ခလရ(၂၉၇)တပ်ရင်း အောက်မှဖြစ်သည်။ ရှူဒူးဇွပ်ပြည်သူ့စစ်အဖွဲ့သည် တနိုင်းမြို့နယ်၊ လီဒိုလမ်းပိုင်းတွင် ရွှေတူးဖော်ရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည်။

## ၈.၃။ ပအိုဝ်းပြည်သူ့စစ်

အာဏာသိမ်းစစ်ကောင်စီနှင့်နီးကပ်သော ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) လက်အောက်ခံ ပအိုဝ်းပြည်သူ့စစ်အဖွဲ့က ရှမ်းပြည်နယ်တောင်ပိုင်းကျေးရွာများတွင် အတင်းဓမ္မ လူသစ်စုဆောင်းကာ စစ်သင်တန်းပေးခဲ့သည်။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိ ပင်လောင်း၊ ဆီဆိုင်နှင့်ဟို ပုံးမြို့များအပြင် တောင်ကြီး၊ မောက်မယ်၊ လွိုင်လင်၊ ပင်လုံ၊ ညောင်ရွှေ၊ အောင်ပန်း၊ ကလော၊ ရပ်စောက်၊ နမ့်စန်စသည့်မြို့နယ်များရှိ ပအိုဝ်းလူမျိုးများနေထိုင်ရာ ကျေးရွာများတွင် လူသစ်စုဆောင်းမှုများပြုလုပ်ခဲ့သည်။ ဒေသတွင်း ခုခံတော်လှန်လှုပ်ရှားမှုများတွင် ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်လက်အောက်ခံတပ်များသည် စစ်ကောင်စီဘက်မှ ပါဝင်နေပြီးပြီးခဲ့သည့် မေလမှစ၍ လူသစ်စုဆောင်းကာ စစ်သင်တန်းပေးလျက်ရှိသည့်အပြင် စစ်အသုံးစရိတ်များကိုပါ ကောက်ခံနေသည်။

ဟိုပုံးမြို့နယ် ရန်ကင်းကျေးရွာတွင် မေလဆန်းပိုင်းက လူသစ်စုဆောင်နေပြီး လူ(၁၃)ဦးပေးရသည်။ အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်သုံးသောင်းပေးရသည့်အပြင် အသက် ၄၅နှစ်အောက် အမျိုးသားများ

တစ်အိမ်တစ်ယောက် မဲနှိုက်ရပြီး မဲပေါက်ပါက စစ်သင်တန်းတက်ရသည်။ နန်းတုတ်အုပ်စုတွင် အမျိုးသား ငါးဦး ရွေးချယ်ပြီး တစ်လကြာစစ်သင်တန်းပေးကာ ထိုငါးဦးမှ ရပ်ရွာအတွင်း သင်တန်းပြန်ပေးမည်ဖြစ်သည်။ ထိုသင်တန်းများကို ဦးဆောင်သူများမှာ PNOတိုက်နယ်တာဝန်ခံ ဦးမောင်ဝင်းဖြစ်သည်။

ပအိုဝ်းပြည်သူ့စစ်အဖွဲ့မှ ဒုတိယကွပ်ကဲရေးမှူး ဒုတိယဗိုလ်မှူးကြီးခွန်အောင်သန်းက လူသစ်စု ဆောင်းနေသည်ကို ငြင်းဆန်ခဲ့ပြီး ငွေကျပ်သုံးသောင်းကောက်ခံမှုကို Myanmar Now သို့ ဝန်ခံခဲ့သည်။ ရှမ်းပြည်နယ် တောင်ပိုင်းရှာင်ဒေသတွင် အခြေစိုက်လှုပ်ရှားသည့် ပြောက်ကျားတပ်ဖွဲ့များသည် စစ်ကောင်စီ သည် PNOနှင့်ပူးပေါင်းပြီး ပျူစောထီးအဖွဲ့များဖွဲ့ရန် လှုပ်ရှားနေသည်ဟု မှတ်ချက်ပြုကြသည်။ စစ်ကောင်စီ နှင့် PNOဘက်မှ ပြည်သူ့စစ်ဟု သုံးနှုံးသော်လည်းဒေသခံများကမူ ပျူစောထီးများအဖြစ် သတ်မှတ်ကြပြီး စစ်တပ်လိုလားသော အကြမ်းဖက်လက်နက်ကိုင် အဖွဲ့အဖြစ်လည်း သတ်မှတ်ကြသည်။ ရှမ်းပြည်နယ် တောင်ပိုင်းရှာင်မြို့နယ်အတွင်း ကျေးရွာပေါင်း ၆၂ရွာတွင် ပျူစောထီးအဖွဲ့ဝင် ၇၀၀ကျော်ရှိသည်ဟု ပြောက်ကျားတပ်ဖွဲ့များက မှတ်ချက်ပြုကြသည်။

ရှမ်းပြည်နယ်တောင်ပိုင်းရှိ တော်လှန်ရေးအင်အားစုတချို့နှင့် နယ်မြေချင်းထိစပ်နေသော ကယားပြည် နယ်မှ ကရင်နီအမျိုးသားများ ကာကွယ်တပ်(KNDF)အဖွဲ့ဝင်တို့ကလည်း ၎င်းတို့နှင့်ဖြစ်ပွားသော တိုက်ပွဲများ တွင်PNOသည် စစ်ကောင်စီဘက်မှ ဝင်တိုက်ပေးနေကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ စစ်ကောင်စီနှင့် ပူးပေါင်းခြင်းမရှိကြောင်း PNOတာဝန်ရှိသူများက ငြင်းဆိုသော်လည်း ပင်လောင်း၊ ညောင်ရွှေနှင့် ဖယ်ခုံ မြို့နယ်တို့ ဆုံရာထီရီးကျေးရွာရှိ စစ်ဆေးရေးဂိတ်တွင် စစ်တပ်နှင့် ပအိုဝ်းပြည်သူ့စစ်အဖွဲ့ ပူးပေါင်း တပ်စွဲ ထားသည်။

၁၉၄၉ ခုနှစ်တွင် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်သည် ပအိုဝ်းအမျိုးသားတပ်မတော်ကို တည်ထောင်ခဲ့ပြီး ၁၉၉၁ခုနှစ်တွင် စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးခဲ့ပြီးနောက်ပိုင်းတွင် ပြည်သူ့စစ်အဖွဲ့အဖြစ် အသွင်ပြောင်းခဲ့သည်။ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ကို ဦးဆောင်သူမှာ ခေတ်အဆက်ဆက် စစ်ခေါင်းဆောင် များနှင့် ရင်းနှီးကျွမ်းဝင်သူ ဦးအောင်ခမ်းထီးဖြစ်ပြီး လက်ရှိအာဏာသိမ်းခေါင်းဆောင် မင်းအောင်လှိုင် ကိုယ်တိုင် မကြာခဏသွားရောက်တွေ့ဆုံသည်။ ဦးအောင်ခမ်းထီးကို အာဏာသိမ်းစစ်ကောင်စီက ၂၀၂၁ ခုနှစ် ဧပြီလတွင် ဝဏ္ဏကျော်ထင်ဘွဲ့ပေးခဲ့သည်။

## ၈.၄။ ခေါင်လန်ဖူးဌာနေ ပြည်သူ့စစ်

ကချင်ပြည်နယ်၊ နောင်မွန်မြို့နယ် မကွေဇတပ်စခန်းတွင် အောက်တိုဘာလ ၉ရက်နေ့မှစပြီး စစ်ကောင်စီမှ KIA နှင့် PDF တို့ကို တိုက်ခိုက်ရန် ရည်ရွယ်ချက်ဖြင့် ပြည်သူ့စစ်သင်တန်းကို ပေးခဲ့သည်။ သင်တန်းတက်ရောက်သူအများစုမှာ လူကြီးပိုင်းဖြစ်ပြီး KIA နှင့် PDFတို့သည် လူကြီးပိုင်းများကို သတ်ရန် ပြင်ဆင်နေပြီးဖြစ်၍ ၎င်းတို့၏ရန်မှ ကာကွယ်ရန်ဟုဆိုကာ စည်းရုံးပြီးသင်တန်းပေးခဲ့သည်။ နောင်မွန်ဒေသမှာ အင်တာနက်ရရှိမှုမရှိသည့်အတွက်ကြောင့် ပြည်သူ့စစ်ခေါင်းဆောင်ပိုင်းများ ပြောသမျှကို အမှန်ထင်ကာ သင်တန်းတက်ရောက်ခဲ့ကြသည်။ ခေါင်လန်းဖူးဌာနေပြည်သူ့စစ်အဖွဲ့ဟာ KIA ကို တိုက်ထုတ်ဖို့ ရည်ရွယ် ဖွဲ့စည်းခဲ့တဲ့ ခေါင်လန်းဖူးမြို့နယ် ရိန်းခေါင်အခြေစိုက် စစ်ကောင်စီလက်အောက်ခံအဖွဲ့အစည်း ဖြစ်ပါတယ်။

## ၈.၅။ မန်ပန် ပြည်သူ့စစ်

မန်ပန်ပြည်သူ့စစ်သည် တန့်ယန်းမြို့နယ်အတွင်းရှိကျေးရွာများတွင် တစ်ရွာလျှင်တပ်သား သစ်နှစ်ဦးနှုန်း၊ မြို့ပေါ်ရပ်ကွက်များတွင် နယ်မြေတစ်ခုလျှင် ၂ဦးနှုန်းဖြင့်တပ်သားသစ်များ တောင်းခံထားပြီး တပ်သားသစ်မပေးနိုင်ပါက တစ်ဦးလျှင် ၉သိန်းနှုန်းကောက်ခံသည်။ မန်ပန်ပြည်သူ့စစ်သည် ယခင်က တန့်ယန်းမြို့နယ်အတွင်းတွင် ကျေးရွာများတွင်သာ လူသစ်စုဆောင်းလေ့ရှိသော်လည်း အာဏာသိမ်းပြီးနောက်ပိုင်းတွင် မြို့ပေါ်ရပ်ကွက်များအထိ တပ်သားသစ်စုဆောင်းမှုကို ပြုလုပ်လာခဲ့သည်။ တန့်ယန်းမြို့နယ်တွင် မန်ပန်ပြည်သူ့စစ်အပြင် မိုင်းဟပြည်သူ့စစ်လည်းလှုပ်ရှားလျက်ရှိသည်။




မန်ပန်ပြည်သူ့စစ် ရံပုံငွေကောက်ခံသည့် ဖြတ်ပိုင်းပုံ *(Photo Credit : Tai Freedom)*

## ၉။ နိဂုံး

စစ်တပ်သည် နိုင်ငံရေးအာဏာအတွက် လူမျိုးရေး၊ ဘာသာရေးကို ခေတ်အဆက်ဆက်တွင် အသုံးချခဲ့ပြီး ယနေ့တိုင်အသုံးချဆဲဖြစ်သည်။ ယခုနွေဦးတော်လှန်ရေးတွင် စစ်တပ်ကိုဆန့်ကျင်သည့် တော်လှန်ရေးအင်အားစုများကို တန်ပြန်ဝါဒဖြန့်ရာတွင် အမျိုးသားရေးဝါဒအတွေးအခေါ်များကို ကျယ်ပြန့်စွာ အသုံးပြုခဲ့သည်။ စစ်တပ်ကို ဆန့်ကျင်သည့်အစုအဖွဲ့များကို စစ်တပ်တစ်ခုတည်းမှ တန်ပြန်ဆောင်ရွက်ခြင်းမျိုး မဟုတ်ဘဲ ပြည်သူ့စစ်များ၊ ပျူစောထီးများ၊ သွေးသောက်အဖွဲ့များကို ဖွဲ့စည်းပြီးစစ်တပ်နှင့် ပူးပေါင်းဆောင်ရွက်စေသည်။ ထိုသို့သောအင်အားစုများသည် အမျိုးသားရေးဝါဒကိုတွင်ကျယ်စွာ လက်ခံယုံကြည်နေသူများဖြင့် တည်ဆောက်ထားသည်။ တော်လှန်ရေးအင်အားစုအားကောင်းသည့် ဒေသများတွင် ပြည်သူ့စစ်များကို အင်အားတိုးချဲ့ဆောင်ရွက်သည်။ တော်လှန်ရေးအင်အားစုများကို ရှင်းလင်းရာတွင် စစ်တပ်သည် နယ်မြေကျွမ်းကျင်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီဝင်များ ၊ ပျူစောထီးအဖွဲ့ဝင်များကို အရံအင်အားအဖြစ် အသုံးချပြီး ရှင်းလင်းကြသည်။ မြို့ကြီးများတွင် တော်လှန်ရေး

ထောက်ပံ့သူဟု ယူဆသူများအား သွေးသောက်အဖွဲ့မှ လိုက်လံသတ်ဖြတ်မှုများကို ဆောင်ရွက်ပြီး ပြည်သူများအား ကြောက်စိတ်သွင်းကာ ခြိမ်းခြောက်မှုများကို တွင်ကျယ်စွာအသုံးပြုခဲ့သည်။ စစ်တပ်ဆန့်ကျင်သည့် တိုင်းရင်းသား လက်နက်ကိုင်ဒေသများတွင် စစ်တပ်မှ စစ်မျက်နှာပြင်ဖွင့်ထားရချိန်တွင် ကျန်ရှိနေသည့် မြို့ပြများကို ဆက်လက်ထိန်းနိုင်ရေးနှင့် ပြန့်ကျဲနေသော တော်လှန်ရေးအင်အားစုများကို နှိမ်နှင်းနိုင်ရေး အတွက် အရံအင်အားများဖြစ်သည့် ပျူစောထီးများ၊ သွေးသောက်အဖွဲ့များ၊ ပြည်သူ့စစ်များကို အများစု အသုံးပြုကာ စစ်တပ်နှင့် ပူးပေါင်းပြီးမြို့ပြများကို ထိန်းချုပ်ရန်ကြိုးစားလျက်ရှိသည်။ ။

> ယခုနွေဦးတော်လှန်ရေးတွင် စစ်တပ်ကိုဆန့်ကျင်သည့် တော်လှန်ရေးအင်အားစုများကို တန်ပြန်ဝါဒဖြန့်ရာတွင် အမျိုးသားရေးဝါဒအတွေးအခေါ်များကို ကျယ်ပြန့်စွာ အသုံးပြုခဲ့သည်။ စစ်တပ်ကို ဆန့်ကျင်သည့်အစုအဖွဲ့များကို စစ်တပ်တစ်ခုတည်းမှ တန်ပြန်ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ပြည်သူ့စစ်များ၊ ပျူစောထီးများ၊ သွေးသောက်အဖွဲ့များကိုဖွဲ့စည်းပြီး စစ်တပ်နှင့် ပူးပေါင်းဆောင်ရွက်စေသည်။